# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁)ရက် ၊ တနင်္လာနေ့ ၊ (2-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၇၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၂၈/၂၀၂၆)
၁၃၈၇ ခုနှစ် တပို့တွဲလဆန်း ၁၅ ရက်
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်၍ အပိုင်းလိုက် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ )နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဒေါက်တာမေသန်းနွယ် | ၁၂/တမန(နိုင်)၀၄၁၃၉၆ | ဒဂုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၁၈ ကော်လံ ၁ ➡

## အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့ တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တုံ့ပြန်ချေပလျှောက်လဲခဲ့သည် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်တွင် နယ်သာလန်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ ❍

အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲသို့တက်ရောက်တုံ့ပြန်ချေပလျှောက်လဲခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှိုက်လှဲလှဲ တစ်ခဲနက်ကြိုဆိုကြစဉ်။




ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်
အယ်ဒီတာ့အာဘော်

# MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး

အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်တွင်လည်း အထောက်အကူဖြစ်စေသောကြောင့် MSME လုပ်ငန်းများနှင့် ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရှိ ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်ထိ ခြောက်ရက်တာကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြခန်း ၁၅ ခန်း ပါဝင်ပြသသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနပြခန်းများ၊ လုပ်ငန်း၊ စီးပွားရေးချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်း နှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ စသည်ဖြင့် ပြခန်းစုစုပေါင်း ၁၂၄ ခန်း ပါဝင်မည်ဖြစ်သည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသမည့်ပြခန်းများတွင် MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ပါဝင်ပြသနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် အသေးစားထုတ်ကုန်များ၊ အငယ်စားထုတ်ကုန်များ၊ အလတ်စားထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှုထည် စသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်များ၊ ကုန်ထုတ်သမဝါယမအသင်း စွမ်းဆောင်ရည်နှင့် ပြည်နယ်၊ တိုင်းဒေသကြီး ၁၅ ခုက ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) ထုတ်ကုန်များကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကဏ္ဍဖြစ်သည်။ အဆိုပါ ကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းတူလျှင် အရည်အသွေးကောင်းမွန်ရမည်ဖြစ်သည်။ ထို့ကြောင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်အတိုင်းထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုသကဲ့သို့ ပြည်ပသို့တင်ပို့နိုင်သည့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုပေသည်။

MSME လုပ်ငန်းများအတွက် အဓိကလိုအပ်ချက် လေးခုရှိသည်။ ၎င်းတို့မှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှုသွင်းအားစုနှင့် လူသားအရင်းအမြစ်တို့ဖြစ်သည်။ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အသုံးပြုပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းများတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းရရှိရေးကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပေသည်။

MSME လုပ်ငန်းများ၊ MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများလွှဲပြောင်းပေးခြင်း၊ ကုန်စည်ပြပွဲများ ဖိတ်ခေါ်ပြသခြင်း၊ ဒေသတွင်းထုတ်ကုန်ပြပွဲ ပြိုင်ပွဲများပြုလုပ်၍ ဆုများချီးမြှင့်ခြင်း၊ လုပ်ငန်းများအရွယ်အစားများကြီးမားလာစေရန် ဆောင်ရွက်ပေးခြင်း၊ အွန်လိုင်းဈေးကွက်ပလက်ဖောင်းများ ထူထောင်ပေးခြင်း၊ နိုင်ငံတကာကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် ဝင်ရောက်နိုင်ရန် အကူအညီပေးခြင်း၊ အရင်းအနှီးလိုအပ်ချက်အတွက် ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**မုံရွာ ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧက ၈၃၆၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ဧက ၈၃၆၅၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟုစစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၅၉၆ ဧက၊ ကနီမြို့နယ်တွင် ၁၇၂၄၂ ဧက၊ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၆၈၃၀ နှင့် ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ဧက ၈၃၆၅၀ တို့ဖြစ်ကြောင်း သိရသည်။

နေကြာကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါတင်ပို့နိုင်မည်ဖြစ်ရာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်၍ ဒေသမရွေး နေကြာကို ယခုထက်ပိုမိုကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ



**လပွတ္တာ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ဇန်နဝါရီလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုများလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀၀ မှ ၇၀၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေ ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ မျှင်ငါးပိတစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသထွက်မျှင်ငါးပိတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က မျှင်ငါးပိအရောင်းအဝယ်သမားတွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသတွေထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်မျှင်ငါးပိတွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု လပွတ္တာမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် မျှင်ငါးပိရောင်းဝယ်ရေး လုပ်ကိုင်သူများသည် ဒေသထွက်မျှင်ငါးပိများကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများအရောင်းအဝယ်ကောင်းလာသည့်အတွက် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် နတ်ကန်(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကန်(နောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ထားရှိသော ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နတ်ကန်(နောက်)ကျေးရွာ၌ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၆ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အားပေး



**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားမြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၆ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့၌ ကျင်းပရာ စက်ဘီးစီးအားကစားသမားများနှင့် စက်ဘီးစီးဝါသနာရှင်များ စုစုပေါင်း ဦးရေ ၄၀၀ ကျော်က ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင် တပ်နယ်မှူးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက် အားပေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနား ပထမပိုင်းကို နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီးနောက် သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့ရာ ခရိုင် ပြည်သူ့အားကစားကွင်းမှ သတ်မှတ်လမ်းကြောင်းအတိုင်း စတင်စီးနင်းခဲ့ကြပြီး စက်ဘီးစီးခရီးစဉ် တစ်ထောက်နားရပ်ဖြစ်သည့် ရပ်ကွက်ကြီး(၂၁) မိုးကြိုးအ.ထ.က သို့ သွားရောက်အားပေးကာ စက်ဘီးစီး အားကစားသမားများကို ရေသန့်နှင့် အချိုရည်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ ပန်းဝင် ရောက်ရှိလာကြသည့် စက်ဘီးစီးအားကစားသမားများကို ကြိုဆို၍ အမှတ်တရလည်ဆွဲတံဆိပ်များကို လည်းကောင်း၊ ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးခရီးစဉ်-၂၀၂၆ တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီးစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၀၆၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၀၆၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ကေ ၄၁၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၀၆၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ထောပတ်ပဲ ကေ ၄၁၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၄၀၆၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲကို ဆောင်းမှာပဲ စိုက်ပျိုးကြတာပါ။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၀၇ ကေ၊ မြင်းမူမြို့နယ်တွင် ၁၉၅၅ ကေနှင့် မြောင်မြို့နယ်တွင် ၅၀၇ ကေ စုစုပေါင်း ၄၀၆၉ ကေ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၇၅ ကေ၊ မြင်းမူမြို့နယ်တွင် ၁၉၆၃ ကေနှင့် မြောင်မြို့နယ်တွင် ၅၁၂ ကေ စုစုပေါင်း ကေ ၄၁၅၀ ဖြစ်ကြောင်းသိရသည်။

ထောပတ်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်လေးပင်မြို့နယ် မြသာညိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ညောင်လေးပင် ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြသာညိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက မြသာညိုကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မြသာညိုကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဂဝံခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေကျပ် ၁၂၃ ဒသ ၀၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Min & Khin Co. Ltd က ၂၀၂၅ ခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ဘက် ဆန်ကွဲတွေကို အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေအပါအဝင် ကုန်စည်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ပြီးခဲ့တဲ့တစ်လအတွင်း ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေပါ အဆင်ပြေပါတယ်။ ဆန်ကွဲအရည်အသွေးတော့ ကောင်းဖို့လိုအပ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ဆန်ကွဲများ ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုများပြားလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# သွားဖန်များခရီးရောက်

**ချစ်နိုင်(စိတ်ပညာ)**

**Dig deep within yourselfs, for there is a fountain of goodness ever ready to flow if you will keep digging.**

MARCUS AURELIUS ANTONINUS
(A.D 121–180)

**"သင်ကိုယ်တိုင်ပင် သင့်ကိုယ်ထဲတွင် အဆက်မပြတ်တူးဖော်နေမည်ဆိုပါက ကောင်းချီးသြဘာကျက်သရေဖြာသောရေပန်းတစ်ခုသည် အစဉ်အဆင်သင့်ရှိနေနှင့်ပါသည်။ သင်ကိုယ်တိုင်က နက်နက်တူးပါ"**

**ရောမဧကရာဇ် မားကပ်စ်အော်ရေလီယပ်**
**အန်တော်နီယပ်စ်(အေဒီ ၁၂၁–၁၈၀)**

ငယ်စဉ်ဘဝ ကျေးလက်တောရွာလေးမှာ မွေးဖွားခဲ့ပါ၏။ ဤအချက်က မိမိရွေးချယ်ပိုင်ခွင့်မရှိ။ ဘယ်မှာ မွေးမွေး၊ ဘယ်နေရာမှာ မွေးမွေး၊ ဘယ်ခေတ် ဘယ်အခါ၊ ဘယ်အချိန်မှာမွေးမွေး လူတစ်ယောက်သည် သူ့ဘဝ၏အစဖြစ်သော နေရာနှင့် အချိန်အခါကို ရွေးချယ်ခွင့်မရှိချေ။ ဝမ်းနည်းစရာလည်းမဟုတ်၊ ဝမ်းသာစရာလည်းမဟုတ်ပေ။

တောမှာမွေးခဲ့ရသည်ဟု စိတ်ထဲမှာ တစ်ခါမှ သိမ်ငယ်စိတ်မရှိဖူးခဲ့ပါ။ ဘာမျှခံစားမှုမရှိ။ ကျေးလက်သဘာဝကိုကြိုက်သည်။ သူငယ်ချင်းများနှင့်အတူ ကစားရသည်ကို ပျော်သည်။ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မိမိကျောင်းမနေရသေးမီ အိမ်နီးနားချင်းသူငယ်ချင်းများနှင့် ကစားခဲ့ကြသောအဖြစ်အပျက်များကို ယခုပြန်လည်မြင်ယောင်သတိရမိသည်နှင့် ပျော်ရွှင်မြူးထူးသောစိတ်က ပေါ်လာတတ်လေသည်။ မူလတန်း၊ အလယ်တန်းတုန်းက ကျောင်းနေဖက်များကိုလည်း သတိရသည်။ အထက်တန်းကျောင်းမှာတုန်းက စာသင်ဖော်အပေါင်းအသင်းများကိုလည်း မှတ်မိနေ၏။ လူသည် ဆက်ဆံရေးသတ္တဝါတစ်မျိုးဖြစ်သဖြင့် မိမိဘဝတစ်လျှောက် သဟဇာတဖြစ်စွာ အပြန်အလှန်ချစ်ခင်စာနာကြင်နာဖေးမခဲ့ဖူးသောသူများကို ကျေးဇူးတင်သောသဘောထားဖြင့် မှတ်မိနေတတ်သည်။

အထက်တန်းကျောင်းသားဘဝ လူပျိုပေါက်အရွယ်မှာ အဝတ်အစားတောက်တောက်ပပကောင်းကောင်းမွန်မွန်မရှိလှသော်လည်း စိတ်မငယ်ပါ။။ အစားအစာလည်း ရှိတာနှင့်သာ ကျေနပ်ပါသည်။ အဌမတန်းမှာမှ စတင်တွေ့ဆုံရသော ရောဝတီမြစ်အနောက်ဘက်ဇာတိ အောက်ဆိပ်ရွာ၊ ဇီးကပ်ရွာ၊ တညောင်ရွာ စသည်တို့မှ အတန်းဖော်များနှင့်မိတ်ဆွေသစ်အနေဖြင့် သိကျွမ်းရသည်။ နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလ ကြာလှပြီဖြစ်သော်လည်း အမေရိကန်လော့စ်အိန်ဂျယ်မြို့မှာ မိသားစုသာမက သားသမီးမြေးများပါ အခြေကျနေသော သူငယ်ချင်းနှင့်ယနေ့ထိ အချစ်မပြယ်ကြချေ။ သူက ဘောလုံးသမား၊ အားကစားသမား၊ တက္ကသိုလ်တက်တော့လည်း ရန်ကုန်တက္ကသိုလ်၊ သိပ္ပံဘွဲ့ယူခဲ့သူ။ မိမိက စာပေဝါသနာပါခဲ့သူ၊ မန္တလေးတက္ကသိုလ်မှ စိတ်ပညာ၊ ဝိဇ္ဇာဘွဲ့ယူခဲ့သူ။ မတူကွဲပြားချက်တွေများစွာရှိနေသော်လည်း မိမိတို့ငယ်ပေါင်းရောင်းရင်းချစ်ခြင်းမြဲခိုင်။ ကြည်နူးကျေနပ်နိုင်ကြ၏။

တက္ကသိုလ်ကျောင်းသားဘဝ အဆောင်နေ နေ့ကျောင်းသားအဖြစ် အဆောင်ထမင်း၊ အဆောင်ဟင်း၊ တစ်လမှ ၅၄ ကျပ်လားမသိပါ။ ကျောင်းလခက ၂၀၊ ၂၅ ကျပ်ရှိမည်ထင်ပါ၏။ စာအုပ်ဝယ်ရန်သာ မချောင်တာသော်လည်း အခြားအရာများအတွက် အစစအရာရာ ချောင်ချောင်တာတာနေနိုင်၏။ ရေချိုးခန်းစီး ရော်ဘာဖိနပ်တစ်ရန်နှင့် တက္ကသိုလ်ပညာသင်ကျောင်းသားဘဝ လုံလောက်ခဲ့၏။ ပုဆိုး သုံး၊ လေးထည်၊ အင်္ကျီ သုံး၊ လေးထည်ဆို ပြည့်စုံနေပြီ။ သူငယ်ချင်းကျော်ဇေယျက တက္ကသိုလ်တက်ရမည့်သူငယ်ချင်းအတွက် တာဖက်တာတိုက်ပုံတစ်ထည်နှင့် Parker ဖောင်တိန်တစ်ချောင်း အမှတ်တရလက်ဆောင်ပေးလိုက်သည်။ ဝင်းဆန်း၊ ကင်ဆင်း စသော သုံးကျပ်ခွဲတန် တရုတ်ထုတ်ဖောင်တိန်များသာ သုံးနေကြသောခေတ်မှာ ရွှေရောင်မြားလေးချိတ်တံ တံဆိပ်ပါသည့် Parker သည် တန်ဖိုးမြင့်လှပေပြီ။ ငါတော့ကြီးရင် စာရေးဆရာဖြစ်မယ့်နိမိတ်ပဲ။

ငွေကြေးကြွယ်ဝခြင်းမရှိသဖြင့် မျက်နှာမငယ်။ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်း၊ အတန်းဖော်များသာမက ပါမောက္ခ၊ ကထိက၊ ဆရာ၊ ဆရာမများအားလုံးလိုလိုက မိမိကိုအထူးချစ်ခင်အလေးထားကြသည်။ ကျောင်းစာကို လိုလိုချင်ချင်ကြိုးစားခြင်းကြောင့်လည်းဖြစ်မည်။ လူမှုရေးမှာ ဆရာကြီးခိုင်းသမျှ၊ ဆရာမတွေအကူအညီတောင်းသမျှ သားသမီးကောင်း၊ တပည့်ကောင်းပီသစွာ မညည်းမညူကူညီတတ်ခြင်းကြောင့်လည်းဖြစ်နိုင်သည်။

ဆက်ဆံရေးမှာ မေတ္တာစေတနာအရင်းခံသဖြင့် မိမိကိုလည်း ကူညီကြသည်သာ။ မေမြို့ ဓာတ်တော်ချိုင့်သို့ လေ့လာရေးခရီးထွက်ရမည်ဆိုတော့ ဘောင်းဘီရှည်ဝတ်မှသင့်မည်။ အတန်းဖော် စိုင်းမျိုးမြင့်ဆီက ငှားရ၏။ ကင်းဘတ်ဖိနပ်တော့ မိမိမှာရှိပါ၏။ မန္တလေးဆေးကျောင်းမှာတက်နေသည့် အစ်ကိုဝမ်းကွဲက မန္တလေး ရန်ကင်းတောင်အရှေ့ဘက် ဗျိုင်းရယ်တောင်သို့ နေ့ချင်းပြန် တောတွင်းခရီးထွက်မလို့ လိုက်မလားခေါ်တော့ ဆေးကျောင်းသားမဟုတ်ဘဲ မိမိလိုက်သွားခဲ့ဖူး၏။ ဘောင်းဘီရှည်ကို အယ်ဖြူခေါ် စိုင်းခင်မောင်မြင့်ထံမှ ငှားဝတ်ရပြန်၏။ မိမိမှာ မပြည့်စုံသော်လည်း ချစ်ခင်လေးစားကြသဖြင့် ဘာမဆိုကူညီပံ့ပိုးကြသည်မို့ အစစအဆင်ပြေပေသည်။ ဆက်ဆံရေးကောင်းရပေသည်။

ဆင်းရဲခြင်းမှာ အားငယ်နိမ့်ကျသိမ်ငယ်နေစရာမဟုတ်ပါ။ ပညာတော်အောင် ကိုယ်ကကြိုးစားရမည်။ သူတစ်ပါးကို ဘာလိုသလဲ မိမိက စိတ်ဝင်တစားကြည့်ထားပြီး အနစ်နာခံကူညီဖေးမပေးမည်။ စိတ်ကောင်းထားရှိသည်။ ချိုချိုသာသာပြုံးပြုံးရွှင်ရွှင် ဆက်ဆံမည်။ ရယ်စရာမောစရာပြောတတ်အောင် စုဆောင်းထားရသည်။ သူတစ်ပါးကို ပျော်အောင်၊ ပြုံးအောင် လုပ်နိုင်လျှင် လူချစ်လူခင်များစေပါတော့သည်။

ဆင်းရဲခြင်းက ဘာများဆန်းသနည်း။

ကမ္ဘာကျော် စာရေးဆရာကြီးများဖြစ်သော ချားလ်ဒစ်ကင်း၊ ဘောလ်ဇက်၊ ဗစ်တာဟူးဂိုး၊ ရုဒယပ်စ်ကစ်ပလင်း၊ စတင်ဒယ် စသည့်ပုဂ္ဂိုလ်တွေလည်း ငယ်စဉ်က ဆင်းရဲခဲ့ကြသည်။ မိမိနှင့်ဘဝတူတွေပဲ မဟုတ်လား။ သူတို့ထဲမှာ မိမိလို တက္ကသိုလ်ပညာလေးနှစ်မသင်ဖူးသူလည်းပါပေသည်။

လောကမှာ စည်းစိမ်ခံဖို့၊ ဓိမ်ယူဖို့၊ စတိုင်ကျကျနေနိုင်စားနိုင်ဖို့ အဓိကမဟုတ်လှပါ။ သူတစ်ပါး၊ ပတ်ဝန်းကျင်၊ လူအများ အထူးသဖြင့် ကိုယ့်ဆွေမျိုး၊ မိဘနှင့်နိုင်ငံသူ၊ နိုင်ငံသားများကို(ကျေးဇူးရှင်တွေမဟုတ်လား) ကျေးဇူးတုံ့ပြန်ကျေးဇူးဆပ် ကောင်းကျိုးပြုပေးနိုင်အောင်သာ မိမိ၏ အဓိကအလုပ်အနေနှင့် အရေးထားရပေမည်။ လူ့ဘဝက တိုတိုလေးပါ။ ပေးဆပ်စရာ ကျေးဇူးကြွေးတွေကျေအောင် ဆပ်ရမည်သာ။ တက္ကသိုလ်ဒုတိယနှစ်မှာ မိမိရေးပို့သော သတင်းစာဆောင်းပါးများ ဗိုလ်တထောင်သတင်းစာက ရွေးချယ်ဖော်ပြခဲ့ပါသည်။ ၁၉၆၇ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လလောက်မှစတင်၍ မိမိရေးသောစာကို ပုံနှိပ်စာစီစာလုံးအဖြစ် နိုင်ငံတစ်ဝန်းစတင်ရောက်စေခဲ့ခြင်းပင်။ ဆရာကြီး အယ်ဒီတာချုပ် သိန်းဖေမြင့်၏ ကျေးဇူးကို မမေ့ပါ။ အခြားသော လုပ်သား၊ ဟံသာဝတီ၊ ကြေးမုံစသည်များသို့ ပို့ခဲ့ပါသော်လည်း မဖော်ပြခဲ့ပါ။ စာမူခ ၁၀ လား၊ ၂၀ လားမသိ ပေးပါသည်။ အားတက်ကာ ဆက်၍ဆက်၍ပို့လေသောအခါ စာမူသုံး၊ လေး၊ ငါးပုဒ် ဖော်ပြခံခဲ့ရ၏။ ၁၉၆၇ ခုနှစ်။

**ကျောင်းသားနှင့်စာမေးပွဲ**
**ကျောင်းသားနှင့်စာကျက်နည်း**
**ကျောင်းသားနှင့်နွေရာသီ**
**ကျောင်းသားနှင့်ကိုယ်ပိုင်အချိန်**

တစ်လတစ်ပုဒ် စသည်ဖြင့် ဗိုလ်တထောင်သတင်းစာက မောင်ချစ်ခိုင်၊ ရွှေပြည်အေးဆောင်၊ မန်းတက္ကသိုလ်ဆိုသော ကလောင်အမည်ကြောင့် မိတ်ဆက်စာတွေ တဖွဲဖွဲရောက်လာကြပါသည်။ ဩော်…မိမိကလည်း ဇဝန၊ သော်တာဆွေ၊ ကြပ်ကလေး၊ တက္ကသိုလ်ဘုန်းနိုင်၊ နတ်နွယ်၊ မောင်သက်နောင်တို့ဆီသို့ သူတို့စာအုပ်တွေဖတ်ပြီး ချီးကျူးစာတွေပို့ရတာ ဝါသနာပါခဲ့သူပေကိုး။ မိမိထံရောက်လာသည့်စာများကတော့ အထက်တန်းကျောင်းများက ကိုးတန်း၊ ဆယ်တန်းကျောင်းသူတွေချည်းပါလား။ ဓာတ်ပုံတောင်းသူလည်းပါ၏။ သတင်းစာမှာပါသော ဆောင်းပါးတွင် မိမိ၏ ကလောင်အမည်က ချစ်နိုင်အစား မောင်ချစ်ခိုင်ဟု(သတင်းစာ၊ စာစီသူက)မှားရေးထားသူဖြင့် **မောင်ချစ်ခိုင်၊ ရွှေပြည်အေးဆောင်၊ မန်းတက္ကသိုလ်** ဟုဖြစ်နေပါတော့သည်။ လိပ်စာပါဖော်ပြသလိုဖြစ်နေကာ မိတ်ဆက်စာများရောက်ခြင်းပါတကား။

**❖ မိမိလက်ရေးက ပုံနှိပ်စာလုံးအဖြစ်ဖော်ပြခဲ့သည်ကား ၁၉၆၅ ခုနှစ်။ နိုင်ငံတလွှား ဗိုလ်တထောင်သတင်းစာ၌ မောင်သိန်းညွန့်(ကော့ကရိတ်)တို့၊ မန်းမောင်မောင်ဉာဏ်တို့ ပင်တိုင်ဆောင်းပါးရှင်များနှင့်အတူ မောင်ချစ်ခိုင် ရွှေပြည်အေးဆောင် ကလောင်အမည်ဖြင့် စာပေနယ်သို့ဝင်ရောက်ခဲ့သည်ကား ၁၉၆၇ ခုနှစ်ဖြစ်ပါ၏။ သို့ရာတွင် မဂ္ဂဇင်းငါးစောင်တွင် လစဉ်မပြတ် ရှုမဝ၊ သောင်းပြောင်းထွေလာ စသည်တို့၌ "ပင်တိုင်ဆောင်းပါးရှင်"အဖြစ် ပုံနှိပ်ဖော်ပြခံရခြင်းကား ၁၉၈၄ ခုနှစ် အောက်တိုဘာလမှစခဲ့ပါသည်။ ယနေ့ထိ မိမိစာမူမပါသောလဟူ၍ မရှိပါ။ ဂျာနယ်သတင်းစာများစွာတွင် ကလောင်အမည်အမျိုးမျိုးဖြင့် အလျဉ်မပြတ်ရေးနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်၊ ၅၀ ပင် ရှိခဲ့ပေပြီ။ ကြိုးစားအားထုတ်ဆဲပင်။ ❖**

အထက်တန်းကျောင်းသားဘဝကပင် ၁၉၆၅ ခုနှစ်မှာ မိမိက အယ်ဒီတာတာဝန်ယူ၍ သူငယ်ချင်းကဗျာဝါသနာပါသူ ၁၀ ဦး၊ ကဗျာတစ်ပုဒ်စီရွေးပြီး **"မိုးပန်းကဗျာများ"**ဟု အရွက် ၁၀၀ ချောက်မြို့ ပညာရောင်ပုံနှိပ်တိုက်မှာ စတင်ပုံနှိပ်ထုတ်ဝေခဲ့ဖူးပါ၏။ မိမိလက်ရေးက ပုံနှိပ်စာလုံးအဖြစ်ဖော်ပြခဲ့သည်ကား ၁၉၆၅ ခုနှစ်။ နိုင်ငံတလွှား ဗိုလ်တထောင်သတင်းစာ၌ မောင်သိန်းညွန့်(ကော့ကရိတ်)တို့၊ မန်းမောင်မောင်ဉာဏ်တို့ ပင်တိုင်ဆောင်းပါးရှင်များနှင့်အတူ မောင်ချစ်ခိုင် ရွှေပြည်အေးဆောင် ကလောင်အမည်ဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်ကား ၁၉၆၇ ခုနှစ်ဖြစ်ပါ၏။ သို့ရာတွင် မဂ္ဂဇင်းငါးစောင်တွင် လစဉ်မပြတ် ရှုမဝ၊ သောင်းပြောင်းထွေလာ စသည်တို့၌ **"ပင်တိုင်ဆောင်းပါးရှင်"**အဖြစ် ပုံနှိပ်ဖော်ပြခံရခြင်းကား ၁၉၈၄ ခုနှစ် အောက်တိုဘာလမှစခဲ့ပါသည်။ ယနေ့ထိ မိမိစာမူမပါသောလဟူ၍မရှိပါ။ ဂျာနယ်သတင်းစာများစွာတွင် ကလောင်အမည်အမျိုးမျိုးဖြင့် အလျဉ်မပြတ်ရေးနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်၊ ၅၀ ပင် ရှိခဲ့ပေပြီ။ ကြိုးစားအားထုတ်ဆဲပင်။

စာရေးခြင်းဆိုသည်မှာ ကြီးပွားချမ်းသာဖို့မရည်ရွယ်ပေ။ ချီးမွမ်းဂုဏ်ပြုခံချင်လို့လည်းမဟုတ်ပါ။ လီယိုတော်စတွိုင်း၊ မဂ္ဂဇင်ဂေါ်ကီ၊ စိန့်ဆိုင်မွန်၊ ဆင်မျူယယ်လ်ဝိပ်စ်တို့သည် လူထုက ကောင်းချီးပေးသည်ဖြစ်စေ၊ အပြစ်ဆိုသည်ဖြစ်စေ အလေးမထား။ သူ့ဘဝ သူ့စိတ်ကျေနပ်မှုအတွက်နှင့် သူမမြင်ရတော့မည့် နောင်လာနောက်သားစာဖတ်သူများအတွက် ရည်ရွယ်လျက်ကြိုးစားပမ်းစားအားထုတ်စာရေးသားနေကြခြင်းသာဖြစ်သည်မဟုတ်လား။

အားကျခဲ့၏။

မိမိလည်း အနာဂတ်စာဖတ်သူများအတွက် အလေးအနက်စဉ်းစား၍ရေးခဲ့သည်ချည်းသာ။ ဥပမာဆိုပါစို့–

**သားအတွက် ဓားတစ်လက်**
**အမေ့အတွက် လက်ဆောင်**
**ချစ်လို့ပြောတာမှတ်ပါ** စသည့်စာအုပ် ၁၀၀ ကျော် နှစ်ပေါင်း ၂၀–၂၅ နှစ်ကြာသော်လည်း စာဖတ်ပရိသတ်လက်ခံသဖြင့် အကြိမ်ကြိမ်ပုံနှိပ်နေရပေသည်။ ငွေရှာဖို့မဟုတ်။ ဂုဏ်ဆာလောင်၍မဟုတ်။

စာရေးသူဆိုသည်မှာ တန်ဖိုးတွေကို လေးစားတတ်အောင်ရေးပေးရမည်။ တန်ဖိုးများကို နားလည်စေရပါမည်။ တန်ဖိုးတို့ကို ခွဲခြမ်းစိတ်ဖြာပြီး လူအများနားထဲမှ ရင်ထဲဦးနှောက်ထဲရောက်အောင် လုပ်ဆောင်နိုင်မှ တာဝန်ကျေပါမည်။ အချိန်ကာလကို ဖြတ်သန်းရှင်သန်နိုင်မှသာ စာကောင်းပေကောင်းကို ဖန်တီးရာရောက်ပေမည်။

**"စာရေးဆရာတစ်ယောက်ဖြစ်ဖို့အတွက် ပထမဆုံးလိုအပ်ချက်က စာရေးချင်တဲ့စိတ်ဆန္ဒနဲ့စာရေးဆရာဖြစ်ဖို့ ကြိုးစားအားထုတ်မှုရှိရလိမ့်မယ်။ ဒုတိယအချက်က ကိုယ့်မှာပရိသတ်ရှိရလိမ့်မယ်။"**

**ဆရာကြီး မြသန်းတင့်(၁၉၂၉–၁၉၉၈)**
**(စာရေးဆရာ…ဘာလဲ၊ ၁၉၉၁ မှ)**

ဆရာကြီးဦးရွှေအောင်(၁၉၂၈–၁၉၉၄) ရေးသားသော ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကဇာတ်မှာ ရေးထားသောဝါကျတစ်ကြောင်းဖော်ပြလျက် နိဂုံးချုပ်ပါရစေ။

**"လူ့ဘဝ၏အနှစ်သာရကား ကတညုတကတဝေဒီမင်္ဂလာတရားတော်အရ ပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ကျေးဇူးဆပ်ရန်ဖြစ်၏"**

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၉၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၉၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၇၉၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၉၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၇၉၅၀ လျာထားစိုက်ပျိုးခဲ့ရာမှာ ၇၉၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာ စတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည်တို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## မင်းလှမြို့နယ် ရွာတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတော်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ရွာတော်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ မိသားစုတစ်နိုင်တစ်ပိုင် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း ရန်ပုံငွေကျပ် ၃၆ ဒသမ ၈၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာတော်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၅ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၂၆ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၈၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

## မြန်မာဟူသည်

\- မြတ်စေတီ ဘုရားကျောင်းနဲ့
သိမ် တန်ဆောင်း ဇရပ်အမွေ၊
လှျူဒါန်းကာ ကုသိုလ်ပြု
သာဓုသံဝေ၊
မြတ်ဗုဒ္ဓ တပည့်သားတွေ
သံဃာထေရ် ဘုန်းရှိန်ထွား၊
သီလယူ ဥပုသ်သီတင်း
သန့်ရှင်းတည်ထား။

\- ဒါနကို လက်ဆင့်ပွား
သမီးသားတို့ အမွေခံ၊
ရှင်ပြုကာ နားသပေး
အေးချမ်းနေပြန်၊
အလှူလက် မပြတ်ကြဲ
ကိန်းဝပ်မှန် စိတ်ကောင်းသုံး၊
သာသနာ မြေတောင်မြှောက်တော့
ထွန်းတောက်သောဘုန်း။

\- ရွှေမြန်မာ ပီတိအပြုံး
ရှုမဆုံး ပြုလျက်နေ၊
ကြီးသူကို ရိုသေကြပါလို့
စံပြဓလေ့အမွေ၊
ယဉ်ကျေးမှု ရိုးရာတွေ
သယ်ဆောင်မသွေ ရင်ထဲ၊
ကောင်းမြတ်မှန် ဌာနအဖြစ်
ထုဆစ်နေဆဲ။

\- ကျက်သရေ တည်တံ့မြဲပါလို့
အလှူပွဲနဲ့ ရွှေမြန်မာ၊
ဗုဒ္ဓဂုဏ် ဓမ္မအစွမ်းဖြင့်
ရွှင်လန်းသာယာ၊
ထာဝရ မင်္ဂလာ
အေးချမ်းကာ တန်ဖိုးရှိ၊
ကမ္ဘာဝယ် မြန်မာသတင်း
သန့်ရှင်းနေ၏။ ။

**မောင်မျိုးချစ်(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူး တရုတ်နိုင်ငံသို့ရောက်ရှိ



**မော်စကို ဖေဖော်ဝါရီ ၁**

ရုရှားအစိုးရ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူးသည် ယနေ့တွင် တရုတ်နိုင်ငံသို့ ရောက်ရှိလာကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း အမျိုးသား လုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူးသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့်တွေ့ဆုံ၍ လုံခြုံရေးကိစ္စများ ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားမီဒီယာများ၏အဆိုအရ သိရသည်။

ဆာဂေးရှိုဂူးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေး အခင်းအကျင်းများ ပြောင်းလဲလာမှုကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း အင်တာဖက်စ်သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

လေးနှစ်နီးပါးကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် ယူကရိန်း၊ ရုရှား၊ အမေရိကန် တာဝန်ရှိသူများအကြား တိုက်ရိုက်ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ချိန်တွင် တရုတ်နိုင်ငံသို့ ရုရှားအမျိုးသား လုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူး ရောက်ရှိနေခြင်းဖြစ်သည်။

ရုရှား အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူးသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း မော်စကိုမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံရေးမူဝါဒများနှင့် လုံခြုံရေးဆိုင်ရာကိစ္စများ၌ ညှိနှိုင်းဆောင်ရွက်မှုများ မြှင့်တင်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်နိုင်ငံ၌ ဓာတ်ငွေ့ပေါက်ကွဲမှုများကြောင့် လူခြောက်ဦးသေဆုံး၍ ၁၄ ဦးဒဏ်ရာရ

**တီဟီရန် ဖေဖော်ဝါရီ ၁**

အီရန်နိုင်ငံတောင်ပိုင်း ဘန်ဒါအဘတ်စ်ဆိပ်ကမ်းမြို့ အဆောက်အအုံတစ်လုံး၌ ဇန်နဝါရီ ၃၁ ရက်တွင် ပေါက်ကွဲမှုကြောင့် လူနှစ်ဦးသေဆုံး၍ ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကနဦး စစ်ဆေးမှုရလဒ်များအရ အဆိုပါပေါက်ကွဲမှုသည် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဖြစ်ပွားသည့် ပေါက်ကွဲမှုဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားထားသည်။

လူမှုကွန်ရက် စာမျက်နှာ၌ ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်များတွင် ပျက်စီးနေသော အဆောက်အအုံတစ်လုံးနှင့်မော်တော်ယာဉ်များကို တွေ့မြင်နိုင်ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၃၁ ရက်မှာပင် အီရန်နယ်စပ်အနီးရှိ အီရန်မြို့ကြီးတစ်မြို့ဖြစ်သော အာဗက်ဇ်မြို့၌ ဓာတ်ငွေ့ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးခဲ့ကြောင်း အီရန် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် အမေရိကန်နိုင်ငံတို့အကြား စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အီရန်နိုင်ငံ၌ တစ်ရက်တည်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဓာတ်ငွေ့ပေါက်ကွဲမှုများနှင့်ပတ်သက်၍ အမေရိကန်အစိုးရက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဗင်နီဇွဲလားရေနံလုပ်ငန်း၌ တရုတ်ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား



**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

ဗင်နီဇွဲလား ရေနံလုပ်ငန်းများတွင် တရုတ်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမည်ဆိုပါက မိမိကြိုဆိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလားနိုင်ငံသည် သမ္မတမာဒူရိုကို အမေရိကန်နိုင်ငံက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက်ပိုင်း ရေနံထုတ်လုပ်မှု လုပ်ငန်းများကို ပြန်လည် ထူထောင်နိုင်ရေးအတွက် ရုန်းကန်နေရသည်။

ဗင်နီဇွဲလား ရေနံထုတ်လုပ်မှု လုပ်ငန်းတွင် တရုတ်ကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်ဆိုပါက မိမိကြိုဆိုနေကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အမေရိကန် တပ်မတော်က ဗင်နီဇွဲလားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်၍ သမ္မတမာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

သမ္မတမာဒူရိုကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ဗင်နီဇွဲလားရေနံလုပ်ငန်းများကို အမေရိကန်နိုင်ငံက ကြီးကြပ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာထားသည်။

တရုတ်နိုင်ငံသည် ဗင်နီဇွဲလားရေနံများကို အများဆုံးဝယ်ယူနေသည့် နိုင်ငံဖြစ်သော်လည်း သမ္မတမာဒူရို ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးနောက်ပိုင်း တရုတ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့အကြား ဆက်ဆံရေးမှာ မရေမရာ ဖြစ်နေခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဘလူချီစတန်ပြည်နယ်တစ်ဝန်း၌ စစ်သွေးကြွ ၁၄၅ ဦးကို ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှင်းလင်း

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁**

ဘလူချီစတန် ပြည်နယ်တစ်ဝန်း စစ်သွေးကြွ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး နာရီ ၄၀ အတွင်း ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွ ၁၄၅ ဦးကို ရှင်းလင်းခဲ့ကြောင်း ဘလူချီစတန်ပြည်နယ်ဝန်ကြီးချုပ် ဆာဖာရက်ဇ်ဘူတီက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဇန်နဝါရီ ၂၈ ရက်တွင် ဘလူချီစတန်ပြည်နယ်တစ်ဝန်း၌ စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ပါကစ္စတန်တပ်မတော်က စစ်သွေးကြွချေမှုန်းမှု စစ်ဆင်ရေးကို စတင်ခဲ့သည်။

ဇန်နဝါရီ ၃၀ ရက်၊ ၃၁ ရက်တို့တွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးများတွင် ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များက စစ်သွေးကြွ ၁၄၅ ဦးထိ ရှင်းလင်းခဲ့ကြောင်း ဘလူချီစတန် ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားထားသည်။

ဘလူချီစတန်ပြည်နယ် ဝန်ကြီးချုပ်၏ အဆိုအရ ဇန်နဝါရီ ၂၈ ရက် စစ်သွေးကြွတိုက်ခိုက်မှုများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၇ ဦးနှင့် အရပ်သား ၃၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဘလူချီစတန် ပြည်နယ်သည် အီရန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံတို့နှင့် နယ်စပ်ချင်းထိစပ်လျက်ရှိသည့် ပါကစ္စတန်အနောက်တောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း ဘလူချီစတန် ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊အရပ်သားများ၊ အဆောက်အအုံများတိုက်ခိုက်မှုကို မြှင့်တင်ခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆားဘီးယားရဲတပ်ဖွဲ့က ဆေးခြောက် ငါးတန် ဖမ်းဆီးရမိ

**ဘဲလ်ဂရိတ် ဖေဖော်ဝါရီ ၁**

ပမာဏအားဖြင့် အလေးချိန် ငါးတန်ထိရှိသော ဆေးခြောက်များကို ဆားဘီးယားရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဆေးခြောက်များသည် ဆားဘီးယားနိုင်ငံ သမိုင်းတစ်လျှောက် ပမာဏ အများဆုံးဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးများဖြစ်ကြောင်း ဆားဘီးယား ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြထားသည်။

ဆားဘီးယားနိုင်ငံ အလယ်ပိုင်း ကျေးရွာတစ်ရွာရှိ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေး ကုမ္ပဏီတစ်ခုကို ဝင်ရောက်စီးနင်းခဲ့ပြီးနောက် ဆေးခြောက်ငါးတန်ကို ဆားဘီးယားရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆေးခြောက်များနှင့် ပါဝင်ပတ်သက်သူအဖြစ် ယူဆရသူ သုံးဦးအနက် နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားပြီး တစ်ဦးမှာ လွတ်မြောက်နေကြောင်း ဆားဘီးယားရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

ဆေးခြောက်များနှင့် အတူ ချေမှုန်းရေးရိုင်ဖယ် လေးလက်နှင့် တင့်ကားဖျက်လောင်ချာ တစ်လက်တို့ကိုပါ ဆားဘီးယားရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့သည်။

ကျန်းမာရေး ကဏ္ဍအတွက် အသုံးပြုရန် ဆေးခြောက်စိုက်ပျိုးမှုကို တရားဝင်ခွင့်ပြုရန် တက်ကြွလှုပ်ရှားသူများက တိုက်တွန်းထားသော်လည်း ဆားဘီးယားအစိုးရသည် ဆေးခြောက်စိုက်ပျိုးမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# SCIENCE AND TECHNOLOGY

## တောင်ကိုရီးယားနိုင်ငံ၏ သဘာဝဘေးစောင့်ကြည့်ရေး ဂြိုဟ်တုတစ်စင်းကို Rocket Lab ကုမ္ပဏီက အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**ဆိုးလ် ဖေဖော်ဝါရီ ၁**

တောင်ကိုရီးယားနိုင်ငံ၏ သဘာဝဘေး စောင့်ကြည့်ရေး ဂြိုဟ်တု တစ်စင်းကို ဇန်နဝါရီ ၃၀ ရက်တွင် Rocket Lab ကုမ္ပဏီက အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက် သတင်းများအရ သိရသည်။

NEONSAT - 1 A အမည်ရှိ ဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၅၄ မိနစ် အကြာတွင် အီလက်ထရွန် ဒုံးပျံသည် NEONSAT-1 A ဂြိုဟ်တု ကမ္ဘာမြေပြင်အထက် ၃၃၆ မိုင် အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် မူလက NEONSAT-1 A ဂြိုဟ်တုကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က လွှတ်တင်ခဲ့သော်လည်း ဒုံးပျံ ယာဉ်ပြဿနာ တစ်ရပ်ကြောင့် မလွှတ်တင်မီ စက္ကန့်အနည်းငယ်အလိုတွင် အစီအစဉ်ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

NEONSAT-1 A ဂြိုဟ်တုသည် ပုံရိပ်အရည်အသွေးမြင့် ကင်မရာစနစ် တပ်ဆင်ထားသည့် သဘာဝကပ်ဘေးစောင့်ကြည့်ရေးဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

NEONSAT-1 A ဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ယခုနှစ်၏ ဒုတိယမြောက် အာကာသမစ်ရှင်ဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ဂျုံယာဂုဓာတ်စာ စားခြင်းဖြင့် သွေးအတွင်း ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁**

ဂျုံယာဂု(Porridge)ကိုစားသုံးခြင်းဖြင့် သွေးအတွင်း ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား ၍ ဇန်နဝါရီ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မားသူများ၏ သွေးအတွင်း LDL Chol-esterol ခေါ် ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုနှုန်း မြင့်မားနေတတ်ကြောင်း သိရသည်။

LDL ကိုလက်စထရော သွေးအတွင်း ပါဝင်မှုနှုန်းမြင့်မားမှုသည် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက လက်ခံထားသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဂျုံယာဂုဓာတ်စာကို စားသုံးခြင်းဖြင့် သွေးအတွင်း LDL ကိုလက်စထရောပါဝင်မှုအဆင့်ကို ၁၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဂျုံယာဂုတွင်ပါဝင်သည့် Beta Glucan ခေါ် အမျှင်ဓာတ်တစ်မျိုးသည် သွေးအတွင်း LDL ကိုလက်စထရောပါဝင်မှုကို လျှော့ချရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။


အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၃၂ ဦးတို့ကို ဂျုံယာဂုများ ကျွေးမွေး၍ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**

## ကြာသပတေးဂြိုဟ် အိုင်အိုဂြိုဟ်ရံလပေါ်၌ ဖြစ်ပွားခဲ့ဖူးသမျှ အပြင်းထန်ဆုံးမီးတောင်ပေါက်ကွဲမှုကို ဂျူနိုအာကာသယာဉ်က ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

ကြာသပတေးဂြိုဟ် အိုင်အိုဂြိုဟ်ရံလပေါ်၌ ဖြစ်ပွားခဲ့ဖူးသမျှ အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျူနိုအာကာသယာဉ်က ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။



ဂျူနို အာကာသယာဉ်က ထောက်လှမ်းတွေ့ရှိခဲ့သည့် မီးတောင် ပေါက်ကွဲမှုနယ်မြေမှာ ဧရိယာစတုရန်းမိုင် ၄၀၄၀၀ မိုင်ထိရှိပြီး မီးတောင်အများအပြားတစ်ချိန်တည်း ပေါက်ကွဲနေခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါမီးတောင်ပေါက်ကွဲမှုသည် အိုင်အိုဂြိုဟ်ရံလမျက်နှာပြင်အောက်၌ တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့် မြေအောက်စနစ်များ တည်ရှိနေမှုကို ပြသနေကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ အိုင်အိုဂြိုဟ်ရံလ မီးတောင်ပေါက်ကွဲမှုမှ ပေါ်ထွက်လာသည့် စွမ်းအင်ပမာဏမှာ တီရာဝပ် ၁၄၀ နှင့် ၂၆၀ ကြားထိရှိကြောင်း သိရသည်။

အိုင်အိုဂြိုဟ်ရံလ၏ အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှုအဖြစ် ယခင်စံချိန်တင်ထားသောမီးတောင်ပေါက်ကွဲမှုမှာ ၂၀၀၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဆာ့သ်မီးတောင်ပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။

ဆာ့သ်မီးတောင် ပေါက်ကွဲမှုအတွင်း ပေါ်ထွက်ခဲ့သည့် စွမ်းအင်ပမာဏမှာ တီရာဝပ် ၈၀ ထိသာရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ညပိုင်း အိပ်ရာဝင်နောက်ကျသူများ၌ နှလုံးကျန်းမာရေးပြဿနာများ မြင့်တက်လာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁**

ညပိုင်းအိပ်ရာဝင် နောက်ကျသူများသည် စောစောအိပ်၍ စောစောထသူများနှင့် နှိုင်းယှဉ်ပါက နှလုံးကျန်းမာရေး ပြဿနာများ မြင့်တက်လာနိုင်ကြောင်း ဇန်နဝါရီ ၃၁ ရက် သတင်းများတွင်ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညအိပ်ရာဝင်ချိန် နောက်ကျသူများသည် စောစောအိပ် စောစောထသူများနှင့် နှိုင်းယှဉ်ပါက နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့် လေ ဖြတ်နိုင်ခြေ ၁၆ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၃၃၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်၍ ၎င်းတို့၏နှလုံးကျန်းမာရေးကို LEB ခေါ် ကျန်းမာရေးအညွှန်းကိန်းအသုံးပြု၍ တိုင်းတာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ညအိပ်ရာဝင်ချိန် နောက်ကျသူများသည် စောစောအိပ်၍ စောစောထသူများနှင့် နှိုင်းယှဉ်ပါက LES အညွှန်းကိန်း ရလဒ်များ ညံ့ဖျင်းနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ညအိပ်ရာဝင်ချိန် နောက်ကျသူများအနေဖြင့် နှလုံးသွေးကြောကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေကို လျှော့ချရေးအတွက် ဘဝနေထိုင်မှုပုံစံ ပြောင်းလဲသင့်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## အားတီးမစ်-၂ မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် SLS ဒုံးပျံယာဉ် လောင်စာရည်ဖြည့်သွင်းမှု ဇာတ်တိုက်လေ့ကျင့်ရေးအစီအစဉ်ကို ဆိုင်းငံ့ထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အားတီးမစ်-၂ မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် SLS ဒုံးပျံယာဉ် လောင်စာရည်ဖြည့်သွင်းမှု ဇာတ်တိုက်လေ့ကျင့်ရေးအစီအစဉ်ကို ရာသီဥတုအခြေအနေကြောင့် ဆိုင်းငံ့ထားကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် မူလက SLS ဒုံးပျံယာဉ် လောင်စာရည်ဖြည့်သွင်းမှု အစမ်းလေ့ကျင့်ရေးအစီအစဉ်ကို ဇန်နဝါရီ ၃၀ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

သို့ရာတွင် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းနယ်မြေ၌ ရေခဲမှတ်အောက်ထိ အပူချိန် ကျဆင်းနေမှုကြောင့် အထက်ပါအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် SLS ဒုံးပျံယာဉ်သည် လောင်စာရည်ဖြည့်သွင်းမှု အစမ်းလေ့ကျင့်ရေးကို ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်ရန် နာဆာက စီစဉ်ထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၆ ရက် အစောဆုံးထား လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

၁၀ ရက် ကြာမြင့်မည့် အားတီးမစ်-၂ မစ်ရှင်အတွင်း အိုရီယွန် အာကာသယာဉ်သည် အာကာသယာဉ်မှူး လေးဦးကို လကမ္ဘာအနီး ပို့ဆောင် ပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# အတ္တလန်တာအသင်းမှလွတ်မန်းကို အေတီကိုအသင်းက ပြောင်းရွှေ့ကြေးယူရို သန်း ၄၀ ဖြင့် ခေါ်ယူ

မက်ဒရစ် ဖေဖော်ဝါရီ ၁

အေတီကိုအသင်းက အတ္တလန်တာအသင်းမှ တိုက်စစ်ကစားသမားလွတ်မန်းကို ပြောင်းရွှေ့ကြေးယူရို ၃၅ သန်းအပြင် အပိုဆုကြေး ငါးသန်း စုစုပေါင်း ယူရိုသန်း ၄၀ ဖြင့် ခေါ်ယူခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိလွတ်မန်းသည် ၂၀၂၂ ခုနှစ်က လက်စတာအသင်းမှ အတ္တလန်တာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင်အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အတ္တလန်တာ အသင်း ယူရိုပါလီဂ်ဖလား ဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

သို့သော် လွတ်မန်းသည်ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးတင်းမာမှုများ ရှိလာခဲ့ပြီးနောက် အသင်းမှ ထွက်ခွာရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ လက်ရှိအပြောင်းအရွှေ့ ကာလမှသာ အသင်းမှ ထွက်ခွာနိုင်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းသည် အသင်း တိုက်စစ်ပိုင်းတွင် ဂရစ်မန်းနှင့် ဆိုလော့ နှစ်ဦးလုံး ဒဏ်ရာကြောင့် အနားယူနေရသည့် အတွက် လွတ်မန်းကို ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : The Athletic
Trs : ML




# အေစီမီလန်အသင်းက ဂိုးသမား မိုက်မိုင်နန်ကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆို

ရောမ ဖေဖော်ဝါရီ ၁

အေစီမီလန်အသင်းက ဂိုးသမား မိုက်မိုင်နန်ကို ၂၀၃၁ ခုနှစ် ဇွန်လထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း Footballitalia သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ ဂိုးသမား မိုက်မိုင်နန်သည် ၂၀၂၁ ခုနှစ်က လိုင်လီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းတွင် ဘောလုံးရာသီတိုင်း အဓိက ပွဲထွက်ဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။

အေစီမီလန်အသင်းနှင့် ဂိုးသမား မိုက်မိုင်နန်တို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အေစီမီလန်အသင်းက သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဂိုးသမား မိုက်မိုင်နန်သည် ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်ခဲ့သော်လည်း မိုက်မိုင်နန်က အေစီမီလန်အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယခုအခါ အသင်းနှင့် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂိုးသမား မိုက်မိုင်နန်သည် အေစီမီလန်အသင်းနှင့် အတူ ငါးရာသီအတွင်းပြိုင်ပွဲစုံ ပွဲ ၁၉၀ ထိပါဝင် ကစားထားသူဖြစ်ကြောင်း သိရသည်။

Ref : Footballitalia
Trs : STA

# စတီဗင်ဆင်က တီအိုဖိမိုကို အနိုင်ရပြီး WBO စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူး




နယူးယောက် ဖေဖော်ဝါရီ ၁

WBO စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် အမေရိကန် လက်ဝှေ့သမားများဖြစ်ကြသည့် လက်ရှိချန်ပီယံ တီအိုဖိမိုနှင့် စိန်ခေါ်သူ စတီဗင်ဆင်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်ခဲ့ရာ စတီဗင်ဆင်က ဒိုင်အမှတ်ဖြင့် အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း DAZN သတင်းဌာနက ဖော်ပြခဲ့သည်။

စတီဗင်ဆင်အနေဖြင့် စူပါလိုက်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့သည့်အတွက် မတူညီသော ဝိတ်တန်းလေးခု၏ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်လာခဲ့သည်။

အသက် ၂၈ နှစ်ရှိ စတီဗင်ဆင်သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်လာကဲ့သို့ မတူညီသည့် ဝိတ်တန်းလေးခု၏ ကမ္ဘာ့ချန်ပီယံဖြစ်လာသူဖြစ်သည်။

စတီဗင်ဆင်နှင့် တီအိုဖိမိုတို့၏ စိန်ခေါ်ပွဲသည် အကြိတ်အနယ် ရှိလာနိုင်သည်ဟု သုံးသပ်ချက် ထွက်ပေါ်ခဲ့သော်လည်း ၁၂ ချီတွင် စတီဗင်ဆင်က ၁၁ ချီထိ အသာစီးဖြင့် ထိုးသတ်နိုင်ခဲ့သည်။

စတီဗင်ဆင်က "အခုလို မတူညီတဲ့ ဝိတ်တန်းလေးခုရဲ့ ကမ္ဘာ့ချန်ပီယံတစ်ဦး ဖြစ်လာတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ အခု ကျွန်တော့်အနေနဲ့ စိန်ခေါ်ပွဲနောက်တစ်ပွဲအတွက် စဉ်းစားနေပါပြီ။ ပြည်ပမှာသွားထိုးမယ်။ တီအိုဖိမိုနဲ့ပွဲစဉ်အတွက် စိတ်ခွန်အားဖြစ်စေခဲ့တဲ့သူ တစ်ယောက်ရှိပါတယ်။ ကွန်နာဘင်းဖြစ်ပါတယ်။ ကွန်နာဘင်း ခင်ဗျားဒီပွဲထဲကိုလာလား။ ခင်ဗျား ခရစ်အူဘန့်နဲ့ ထိုးသတ်ခဲ့သလို ကျွန်တော်လဲ ခင်ဗျားနဲ့ ထိုးသတ်ချင်တယ်။ ကျွန်တော့်ရဲ့ စိန်ခေါ်မှုကို လက်ခံမယ်လို့မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN
Trs : AZL

# အာဆင်နယ်အသင်းမှ အိုဒီဂတ်က ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် အသင်းဟောင်း ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်ပြင်ဆင်

လန်ဒန် ဖေဖော်ဝါရီ ၁

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားအိုဒီဂတ်က ပြီးခဲ့သည့် လိဒ်ယူနိုက်တက်အသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရပြီးနောက် အသင်းဟောင်း ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေကြောင်း Football London သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိအိုဒီဂတ်သည် ၂၀၂၀ ပြည့်နှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အငှားစာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

အိုဒီဂတ်သည် အာဆင်နယ်အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် နောက်ပိုင်း ဘောလုံးရာသီများတွင် အသင်းခေါင်းဆောင်အဖြစ်ပါ တာဝန်ယူခွင့် ရရှိခဲ့သူဖြစ်သည်။

သို့သော် အာဆင်နယ်အသင်းနည်းပြအာတီတာသည် ပြီးခဲ့သည့် လိဒ်ယူနိုက်တက်အသင်းနှင့် ပွဲစဉ်တွင် အိုဒီဂတ်ကို ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ပြီး ဇူဘီမန်ဒီကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

နည်းပြအာတီတာက အိုဒီဂတ်ထက် ဇူဘီမန်ဒီကိုသာ ပွဲထွက်ခွင့်ပေးနေသည့်အတွက် အိုဒီဂတ်ကလည်း ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းဟောင်းရီးရဲလ်မက်ဒရစ်အသင်းထံ ပြန်လည်ပြောင်းရွှေ့ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အိုဒီဂတ်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၅ ပွဲ၌ သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : Football London
Trs : STA

# ပဲလေ့စ်အသင်း တိုက်စစ်မှူးမာတီတာက အသင်းမှ ထွက်ခွာခွင့်မပေးသောကြောင့် အသင်းအတွက်ကစားပေးရန် ငြင်းဆန်

လန်ဒန် ဖေဖော်ဝါရီ ၁

ပဲလေ့စ်အသင်း တိုက်စစ်မှူး မာတီတာက လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာခွင့်မပေးသောကြောင့် အသင်းအတွက်ကစားပေးရန် ငြင်းဆန်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မာတီတာသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းမှ ထွက်ခွာလိုနေပြီး အသင်းက ထွက်ခွာခွင့် မပေးခဲ့သည့်အတွက် အသင်းတွင် ဆက်လက်ကစားခဲ့ရကာ လက်ရှိအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက အသင်းမှ ထွက်ခွာခွင့် တောင်းဆိုထားသူဖြစ်သည်။




ပဲလေ့စ် အသင်းကလည်း ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အက်ဒီးကို အာဆင်နယ်အသင်းထံ လက်လွှတ်ခဲ့ရကဲ့သို့ လက်ရှိအပြောင်းအရွှေ့ကာလတွင်လည်း ဂူဟီကိုမန်စီးတီးအသင်းထံ လက်လွှတ်ထားရသည့်အတွက် နောက်ထပ်အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသဖြင့် မာတီတာကို ထွက်ခွာခွင့် မပေးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းက မာတီတာသည် နော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ ကစားရန်အတွက် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားသော်လည်း ပဲလေ့စ်အသင်းက လက်မလွှတ်လိုသည့်အတွက် ကမ်းလှမ်းမှုကို ငြင်းပယ်ထားခြင်းဖြစ်သည်။

မာတီတာက အသင်းမှထွက်ခွာခွင့်မပေးခဲ့သည့်အတွက် နော့တင်ဟမ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရန် ငြင်းပယ်ခဲ့ပြီးနောက် အသင်း ကစားသမားစာရင်းမှ ထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းတစ်သင်းတည်းကို သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဆာလာဟ် မှတ်တမ်းဝင်



လန်ဒန် ဖေဖော်ဝါရီ ၁

လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကလပ်အသင်းတစ်သင်းတည်းကို သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်နိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၄)အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်သည် ပွဲချိန် ၆၇ မိနစ်တွင် အသင်းဖော် ဖလိုရီယန်ဝက်ဇ်၏ သွင်းဂိုးကို ဖန်တီးမှု ပြုလုပ်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် လီဗာပူးအသင်း ကစားသမားဘဝ နယူးကာဆယ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်များတွင် သွင်းဂိုး ၁၀ ဂိုး သွင်းယူခဲ့သကဲ့သို့ ဂိုးဖန်တီးမှုလည်း ၁၀ ကြိမ်ထိ ရှိလာခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကလပ်အသင်း တစ်သင်းတည်းကို သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်နိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ သွင်းဂိုးများသွင်းယူခဲ့ပြီး အကောင်းဆုံး ခြေစွမ်းပြသခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုးများရရှိရန် ရုန်းကန်နေရကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဂျက်စတင်ရို့စ်က ဦးဆောင်

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့တွင် ကျင်းပနေသည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဒါမန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တောင်ကိုရီးယားဂေါက်သီးရိုက်ကစားသမား ကင်စီဝူနှင့် ဂျပန် ဂေါက်သီးရိုက်ကစားသမား ဟီဆက်ဆူနီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား ၏ တတိယနေရာတွင် ပူးတွဲရပ်တည်ထားကြသည်။

ဝါရင့်ကစားသမားကြီး ဂျက်စတင်ရို့စ်က နောက်ဆုံးနေ့ထိ အမှတ်ပေးဇယားကို ဦးဆောင်သူတစ်ဦးအနေဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယနေရာမှ ပြိုင်ပွဲဝင်ကို ခြောက်ချက်ထိ ဖြတ်ထားနိုင်သည့်အတွက် ချန်ပီယံဆုကို ဆွတ်ခူးရန် ပိုမိုရေပန်းစားလာခဲ့သည်။

ဂျက်စတင်ရို့စ်က "တတိယနေ့မှာလဲ ကျွန်တော် အကောင်းဆုံးကစားထားနိုင်ပါတယ်။ ဒီလိုပုံစံမျိုးနဲ့မကစားနိုင်ခဲ့တာ တော်တော်လေးကို ကြာသွားပါပြီ။ နောက်ဆုံးနေ့မှာလဲ ပုံစံကောင်းပြသနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL



# ဒဏ်ရာရကစားသမား များပြားနေသည့်အတွက် ကစားသမားသစ်များခေါ်ယူပေးရန် နာပိုလီအသင်းနည်းပြကွန်တီက အသင်းတာဝန်ရှိသူများထံ တောင်းဆို

ရောမ ဖေဖော်ဝါရီ ၁

နာပိုလီအသင်းနည်းပြ ကွန်တီက အသင်းတွင် ဒဏ်ရာရကစားသမား များပြားနေသည့်အတွက် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလမပြီးဆုံးမီ ကစားသမားသစ်များ ခေါ်ယူပေးရန် အသင်း တာဝန်ရှိသူများထံ တောင်းဆိုခဲ့ကြောင်း Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နာပိုလီအသင်းသည် ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် အီတလီစီးရီးအေ ချန်ပီယံဆုအတွက် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်ခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာရကစားသမား များပြားလာမှုနှင့်အတူ အသင်းရလဒ်ပိုင်းများလည်း မတည်မငြိမ်ဖြစ်လာခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၃) နေရာ၌သာ ရပ်တည်နေသည်။

လက်ရှိတွင် နာပိုလီအသင်း၌ အဓိက ကစားသမားများဖြစ်သည့် လော်ရန်ဇို၊ ဒီဘရိုင်း၊ မက်ဇူချီ၊ အန်ဂွီဆာ၊ နီယက် အစရှိသည့် ကစားသမားအများအစု ဒဏ်ရာရရှိနေသည့်အတွက် နည်းပြကွန်တီက အပြောင်းအရွှေ့ကာလ မပြီးဆုံးမီ ကစားသမားသစ်များ ခေါ်ယူရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ကစားသမားခေါ်ယူမှုများ လုပ်ဆောင်ခဲ့သော်လည်း လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဗီရိုနာအသင်းမှ ဂျီယိုဗန်နီ တစ်ဦးတည်းကိုသာ ခေါ်ယူထားကြောင်း သိရသည်။

Ref : Football
Trs : STA

# ပွဲကစားပေးရန် ဒုတိယအကြိမ်ငြင်းဆန်ခဲ့ပြီးနောက် ဘင်ဇီးမားနှင့် အယ်လ်အီတီဟက်အသင်းတို့ကြား တင်းမာမှုများပိုမိုမြင့်တက်လာ

ရီယာဒ် ဖေဖော်ဝါရီ ၁

ပွဲကစားပေးရန် ဒုတိယအကြိမ် ငြင်းဆန်ခဲ့ပြီးနောက် ဘင်ဇီးမားနှင့် အယ်လ်အီတီဟက်အသင်းတို့ကြား ဆက်ဆံရေးတင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့ပြီး အနာဂတ်မရေမရာမှုများ ဖြစ်လာခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အယ်လ်အီတီဟက်အသင်းနှင့် ဘင်ဇီးမားတို့အကြား သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာတွင် အယ်လ်အီတီဟက် အသင်းက သက်တမ်းတိုး စာချုပ်အတွက် လုပ်ခလစာပေးမည် မဟုတ်ဘဲ ကစားသမား၏ ပုံရိပ်အသုံးပြုခသာပေးချေရန် ကမ်းလှမ်းခဲ့သည့်အတွက် အဆင်မပြေမှုများဖြစ်ပွားခဲ့ကာ ပြီးခဲ့သည့် အယ်လ်အီတီဟက်အသင်းနှင့် အယ်လ်အာ့ခဒေါ်က် အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ကစားပေးရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဘင်ဇီးမားနှင့် အယ်လ်အီတီဟက် အသင်းတို့ကြား ဆက်ဆံရေးတင်းမာမှုများ မြင့်တက်လာခဲ့ပြီးနောက် ဘင်ဇီးမားက အယ်လ်ဖာတက်အသင်းနှင့် ကစားမည့်ပွဲစဉ်တွင်လည်း အသင်းအတွက် ကစားပေးရန် ထပ်မံငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

အယ်လ်အီတီဟက်အသင်းက ဘင်ဇီးမားနှင့် ဆက်ဆံရေးပြန်လည်ကောင်းမွန်ရန် ကြိုးပမ်းနေသော်လည်း ဘင်ဇီးမားက အသင်း၏ လုပ်ရပ်အပေါ် ကျေနပ်မှုမရှိသည့်အတွက် လက်ကျန် စာချုပ်သက်တမ်းကို ဖျက်သိမ်းပြီး အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

ဘင်ဇီးမားသည် အယ်လ်အီတီဟက်အသင်းနှင့်အတူ သုံးရာသီအတွင်း ပြိုင်ပွဲစုံ ၈၇ ပွဲတွင် သွင်းဂိုး ၅၇ ဂိုးထိ သွင်းယူထားကြောင်း သိရသည်။

Ref : The Athletic
Trs : STA

# အယ်လ်နာဆာအသင်းက မန်ယူအသင်းမှ ကက်စ်မဲရိုးကို ခေါ်ယူရန် ဆွေးနွေးနေ

ရီယာဒ် ဖေဖော်ဝါရီ ၁

ဆော်ဒီပရိုလိဂ်ထိပ်တန်းကလပ် အယ်လ်နာဆာအသင်းက မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ကက်စ်မဲရိုးကို ခေါ်ယူရန်ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသထားသူဖြစ်သည်။

မန်ယူအသင်းနှင့် ကက်စ်မဲရိုးတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ကက်စ်မဲရိုးကိုယ်တိုင်က ယခုနှစ် ဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာမည်ဟု အတည်ပြုထားသည်။

လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ကက်စ်မဲရိုးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် အယ်လ်နာဆာအသင်းနှင့်အတူ အသင်းအများအစုက ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း အယ်လ်နာဆာအသင်းတွင် ရီးရဲလ်မက်ဒရစ် အသင်းဖော်ဟောင်းဖြစ်သည့် စီရော်နယ်ဒိုရှိနေသည့်အတွက် ကက်စ်မဲရိုးက အခြားအသင်းများထက် အယ်လ်နာဆာအသင်းသို့သာ ပြောင်းရွှေ့ကစားဖွယ် ရှိနေကြောင်း သိရသည်။

Ref : One Football
Trs : STA

# စည်းလုံးညီတူယှဉ်နဲ့ ထူးမြတ်လှတဲ့ လတပို့တွဲ

ကျော်တင့်(ရွှေခရမ်း)

တပို့တွဲလသည် မြန်မာပြက္ခဒိန်၏ ဆယ့်တစ်လမြောက်လဖြစ်သည်။ တပို့တွဲလသည် ရက်ပေါင်း ၂၉ ရက်သာရှိ၍ ရက်မစုံသောလလည်းဖြစ်သည်။ ရာသီအားဖြင့် "ကုံရာသီ"ဖြစ်ပြီး စန်းယှဉ်သောနက္ခတ်မှာ "မာဃနက္ခတ်"ဖြစ်သည်။ ရာသီရုပ်မှာ "အိုးထမ်းယောကျ်ားပုံ"ဖြစ်၍ တပို့တွဲလ၏ ရာသီပန်းဖြစ်သည့် "ပေါက်ပန်း"နှင့်အတူ ဆူးပန်း၊ လဲပွင့်၊ လက်ပံပွင့်တို့ ဖူးကြပွင့်ကြသည့် လရာသီလည်းဖြစ်သည်။ ဆောင်းဥတုနှောင်းပိုင်းကာလဖြစ်၍ အလွန်ချမ်းအေးသည့်လလည်းဖြစ်သည်။ အချမ်းပိုလှသည့် တပို့တွဲလကို ရှေးစာဆိုတော်ကြီးများက "နှာရည်ယိုရွှဲတပို့တွဲ"၊ "တပို့တွဲ ကျွဲချိုဖျား ဆတ်ဆတ်ခါသည်"ဟူ၍ တင်စားရေးသားခဲ့ကြသည်။ တပို့တွဲလဟုခေါ်ဝေါ်ခြင်းမှာ ထန်းဖူးထန်းခိုင်တံတို့ကို အောက်သို့ကိုင်းညွတ်ဆွဲဆိုင်းအောင်၊ တွဲအောင်ပြုသောရာသီဖြစ်၍ ထိုသို့ခေါ်ဝေါ်ခြင်းဟု မှတ်ယူရသည်။ ပုဂံခေတ်ကျောက်စာများတွင် တပို့တွဲလကို တပိုဝ်ထွယ်၊ တပိုဝ်ထွဲ၊ တပိုဝ်တွဲ၊ တပိုဝ်တွယ်၊ တပိုဝ်ထွယ်ဟု ရေးထိုးလေ့ရှိကြောင်း တွေ့ရသည်။

**မီးဖုန်း(မီးပုံး)ပွဲ**

တပို့တွဲလသည် ဆောင်းဥတုအကုန် နွေဥတုအကူးလဖြစ်၍ အချမ်းပိုကာ တပို့တွဲမှ တပေါင်းလသို့ ကူးပြောင်းရက်များသည် အလွန်အေးမြသည်။ ဝိနည်းတော်အရ ရဟန်းတို့သည် သာမန်အချိန်များတွင် မီးမလှုံရပေ။ မီးလှုံခြင်းကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်စေခြင်း၊ မီးနှင့်မျက်စိမသင့်ခြင်းတို့ကြောင့် သာမန်အားဖြင့် ချမ်းအေးသောရာသီအခါများ၌ ရဟန်းတို့မီးမလှုံရသော်လည်း တပို့တွဲလအကုန် တပေါင်းလအကူး အလွန်ချမ်းအေးသောကြောင့် ထိုရက်များအတွင်း ရဟန်းများအား မီးလှုံရန်ခွင့်ပြုတော်မူရုံမျှမက ဘုရားရှင်ကိုယ်တော်တိုင်လည်း သပ္ပာယမျှတစေခြင်းငှာ ရွှေလက်တော်အား မီးကင်တော်မူသည်။ ထိုသို့ မြတ်စွာဘုရားရှင် ရွှေလက်တော် မီးကင်တော်မူသည်ကို အကြောင်းပြု၍ စာဆိုတော်ဦးကြော့က "ရွှေယုဂန်နန်းချိုမြ၊ စန်းခိုခလျှံလူ၊ ချမ်းစိုမှုစံမတူသည်၊ သယမ္ဘူသော်မှ၊ မီးမယ်ဖျူးရွှေလက်ကင်သည်၊ ရေစက်သွင်အေးတဲ့သည်လ"ဟု ရေးဖွဲ့စပ်ဆိုခဲ့သည်။

ဤအကြောင်းကိုအစွဲပြု၍ တပို့တွဲလတွင် မီးဖုံးပွဲ(မီးပုံပွဲ)သဘင် ဆင်ယင်ကျင်းပခဲ့သည်။ မီးပုံဟူသောအသုံးအနှုန်းမှာ အရပ်စကားဖြစ်ပြီး စာပေအမှတ်အသားတွင်မူ မီးဖုန်းသဘင်ဟု ရေးသားကြသည်။ ပုဂံ၊ ပင်းယ၊ အင်းဝခေတ်တို့တွင် မီးဖုန်းပွဲဟုရေးသားခဲ့ကြသော်လည်း ခေတ်ကာလပြောင်းလဲလာသောအခါ မီးဖုံး၊ မီးပုန်း၊ မီးပုံး၊ မီးပုံဟု အမျိုးမျိုးပြောင်းလဲရေးသားကြသည်။ အလှူရှင်ဒါယကာ၊ ဒါယိကာမတို့သည် မီးဖုံးပွဲကိုကျင်းပရန်အလို့ငှာ တောသို့တက်၍ နံ့သာ၊ ထင်းများစသည်တို့ကို လူစုလူဝေးနှင့်ခုတ်ကြပြီးလျှင် ထင်းများကို စုပုံမီးရှို့၍ ဘုရားကျောင်း၊ တန်ဆောင်းတို့၌ အပူဓာတ်ကို လှူဒါန်းပူဇော်ကြသည်။ အချို့ကလည်း မီးလင်းဖို၌ အမွှေးနံ့သာထင်းများကိုထည့်၍ မီးဖိုကာပူဇော်ကြသည်။ တပို့တွဲလတွင် မီးဖုန်း(မီးပုံး)ထင်းများလှူဒါန်းလေ့ရှိကြောင်းကို ကုန်းဘောင်မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် "တပို့တွဲလ၊ ပန္နရသီ၊ တိထိထွန်းစည့်၊ လပြည့်နေ့အခါဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သော ဆက္ကဒန္တ၊ ပြောင်မုန်ဝပင်၊ အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလူ့ထွတ်ထားမြတ်ဘုရားလျှင်လေးပါးသော မဟာဘူတမျှစေရန် မီးရှိန်ခံတော်မူသည်ကိုရည်ပြီးလျှင်(လ)မီးဖုန်းတော်များကိုလှူဒါန်းပူဇော်တော်မူသည်"ဟု ရေးသားထားသည်ကို တွေ့ရသည်။

**တပို့တွဲလ ထမနဲပွဲ**

တပို့တွဲလတွင်ကျင်းပသော ရာသီပွဲတော်မှာ ထမနဲပွဲတော်ဖြစ်သည်။ ထမနဲပွဲသည် ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်းစသည့် သီးနှံသစ်များပေါ်ချိန်တွင် ထမနဲထိုး၍ လှူဒါန်းသောပွဲတော်ဖြစ်သည်။ မြန်မာတို့၏ ကောက်သစ်စားပွဲတော်ဟုလည်း ဆိုနိုင်ပါသည်။ ကုန်းဘောင်ခေတ်စာဆို ဦးပုညက "လေ့ခအလှူခံမေတ္တာစာ"ရေးသားခဲ့ရာတွင် "ယာဂုထမနဲ၊ အိုးကြီးကွဲခါမှ၊ စွန့်ကြသည့်ဒါနလည်း နိပ္ပလမဆိုသာ၊ စေတနာဇောသန်၍၊ သမုဋ္ဌာန်လွန်ကဲ၍၊ အိုးကွဲမှစွန့်လှူသည်၊ ထိုသူတို့ကုသိုလ်လည်း မဂ်ဖိုလ်ကေန်ရပေမည်"ဟူ၍ဆိုထားသည့် ယာဂုထမနဲဟူသောဝေါဟာရမှာ ရှေးခေတ်အခါက ထမနဲဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ဆန်ကိုကျိုချက်သော ယာဂုနှင့် ကောက်ညှင်းကိုထိုးသောထမနဲများကို အတူတကွ လှူဒါန်းကြခြင်းဖြစ်သည်။

ရှေးအခါက မြတ်စွာဘုရားရှင်သည် များစွာသော သံဃာတော်တို့နှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာတွင် ဇနပုဒ်၌နေသောသူတို့က ဆန်၊ ဆီ၊ ဆား၊ ဆေး စသောလှူဖွယ်ဝတ္ထုတို့ကို လှည်းတွင်တင်၍ မြတ်စွာဘုရားရှင်ကြွချီရာသို့ လိုက်လံပြီးလျှင် ဆွမ်းဘောဇဉ်အာဟာရတို့ကို ကပ်လှူပူဇော်ကြလေသည်။ ပုဏ္ဏားတစ်ယောက်သည် လှူခွင့်အလှည့်မရောက်နိုင်သောကြောင့် အရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်အား ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို ကပ်လှူခွင့်တောင်းရာ မြတ်စွာဘုရားက သည်းခံခွင့်ပြုသည်မှစ၍ ယာဂုလှူပွဲအစဉ်အလာပေါ်ပေါက်လာရသည်ဟုဆိုသည်။

မြန်မာဘုရင် မင်းတုန်းမင်းလက်ထက်တွင် ယာဂုအလှူပွဲအကြောင်းကို ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး၌ ရွှေမြို့တော်လေးပြင်လေးရပ်၊ တရုတ်၊ ကုလား လူမျိုးခြားမှစ၍ တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ကိုယ် ဆန်တစ်စလယ်ကျစုဆောင်း၍ ယာဂုကျိုရာ ၎င်းယာဂု၌ ကောက်ညှင်း၊ ဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်၍ကျိုရသည်ဟု သိရသည်။ မီးဖုန်းပွဲကျင်းပသည့် တပို့တွဲလတွင် မြတ်စွာဘုရားရှင်ကို ယာဂုကပ်လှူရာမှ တစ်ဆင့်ပြီးတစ်ဆင့် ထမနဲဟူ၍ပြောင်းလဲလာခြင်းဖြစ်သည်ဟုလည်းယူဆနိုင်သလို ယာဂုကျိုပြီးလှူဒါန်းသည့် အလေ့အထမှတစ်ဆင့် ကျိုသည့်အဓိပ္ပာယ်နှင့် ဆင်တူသော နှဲခြင်း၊ ထိုမှနဲခြင်း၊ ထမင်းနှဲ၊ ထမနဲဟူ၍ ရွေ့လျားလာကြောင်းတွေ့ရသည်။ ယခုအခါ မီးပုံပူဇော်ပွဲနှင့် ယာဂုအလှူပွဲတော်များအစား ထမနဲပွဲများ အစားထိုးဝင်ရောက်လာပြီဖြစ်သည်။ အချို့ ထမနဲမှာ နှမ်းကို ပိုပိုသာသာထည့်ခြင်းကြောင့် နှမ်းမနဲဟူ၍လည်း ခေါ်ကြသည်။

ထမနဲသည် စားကောင်းရုံသာမက ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာဖြစ်သည်။ အလွန်အေးသောတပို့တွဲလတွင် အအေးဒဏ်ကိုကာကွယ်နိုင်ရန် ရာသီစာဖြစ်သော ထမနဲဖြင့် အာဟာရပေးနွေးထွေးကာကွယ်ခြင်းပင်ဖြစ်သည်။ ဆီအိနေသော အပူစာ ထမနဲကိုစားသုံးခြင်းဖြင့် အဆီခန်းခြောက်ခြင်းနှင့် အအေးဒဏ်ကာကွယ်ခြင်းတို့အပြင် အာဟာရပြည့်ဝမှုကိုလည်း ပေးစွမ်းသည်။ တပို့တွဲလရာသီတွင် ရပ်ကွက်များ၊ လမ်းများတွင်စုပေါင်း၍ မိသားစုအလိုက်ဖြစ်စေ၊ မိတ်ဆွေအပေါင်း အစုအဖွဲ့လိုက်ဖြစ်စေ ထမနဲထိုးခြင်း၊ ထမနဲလှူဒါန်းခြင်းတို့ကို လုပ်ဆောင်ကြသည်။ ထမနဲထိုးပြိုင်ပွဲများကို အားကောင်းမောင်းသန် ယောကျ်ားသားကြီးများက ပြုလုပ်၍ အိုးစည်၊ ဒိုးပတ်များတီးကာ ပျော်ရွှင်စွာအားပေးကြသည်။ ထမနဲထိုးရာတွင် တစ်ယောက်တစ်လက်ဖြင့် စုပေါင်းအင်အားပြနိုင်မှသာ ထမနဲကောင်း ရရှိနိုင်သည်။

ထမနဲထိုးခြင်းသည် လူအများဖြင့်ထိုးရပြီး စေးကပ်နေသည့် ထမနဲသည် စည်းလုံးညီညွတ်ခြင်း၏သင်္ကေတဖြစ်သကဲ့သို့ ထိုးလိုက်သည့် ထမနဲ၏ အရသာကောင်းခြင်းသည်လည်း စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုပြယုဂ်ပင်ဖြစ်သည်။ ထမနဲထိုးခြင်းမှ စည်းလုံးညီညွတ်ခြင်း၊ အချိုးအစားကျနဟန်ချက်ညီခြင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ မိမိကျရာတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်တိုးပွားလာခြင်း စသည့် အကျိုးကျေးဇူးများကိုရသည်။ "တပို့တွဲလ ထမနဲပွဲ" ဟူသောသံပေါက်ကဲ့သို့ ထမနဲပွဲသည် တပို့တွဲလ၏ ပုံရိပ်သင်္ကေတလည်းဖြစ်သကဲ့သို့ "ထမနဲ"ဟု ဆိုသည်နှင့်တစ်ပြိုင်နက် တပို့တွဲလနှင့် တွဲဖက်မြင်ယောင်ကြသည်။

တပို့တွဲလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့်လမြတ်အဖြစ်လည်း ပါဝင်နေသည်။ တပို့တွဲလပြည့်နေ့သည် ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့ဖြစ်ခြင်း၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် တေဒဂ်ရသောနေ့ဖြစ်ခြင်း၊ အင်္ဂါလေးရပ်နှင့်ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်းကဲ့သို့သော လောကုတ္တရာဆိုင်ရာ ထူးခြားမှုများလည်းရှိသည်။ တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့ဟု ခေါ်ဆိုကြသည်။ ပါတိမောက်ဟူသည် ဘုရားရှင်အဆုံးအမဩဝါဒနှင့်အညီ ပညတ်တော်မူအပ်သော သိက္ခာပုဒ်များဖြစ်သည်။ ပါတိမောက်တွင် ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက်ဟူ၍နှစ်မျိုးရှိရာ ဘုရားရှင်သည် ဩဝါဒပါတိမောက်ကိုသာ ပြခွင့်ရှိသည်။ ဩဝါဒပါတိမောက်ဂါထာသည် သီလ၊ သမာဓိ၊ ပညာကိုဟောကြားခြင်းဖြစ်၍ ပိဋကသုံးပုံ၏ အနှစ်ချုပ်ဟုလည်းခေါ်သည်။ မြတ်စွာဘုရားလက်ထက်တော် တပို့တွဲလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းတော်၌ ရဟန္တာပေါင်း ၁၂၅၀ တက်ရောက်သော ပထမသံဃသန္နိပါတ(ပထမဆုံးသံဃာအစည်းအဝေး)ကိုကျင်းပကာ ဘုရားအဆူဆူ၏ ဆုံးမဩဝါဒပါတိမောက်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

❖ မြတ်စွာဘုရားလက်ထက်တော် တပို့တွဲလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရဟန္တာပေါင်း ၁၂၅၀ တက်ရောက်သော ပထမသံဃသန္နိပါတ(ပထမဆုံးသံဃာအစည်းအဝေး)ကို ကျင်းပကာ ဘုရားအဆူဆူ၏ ဆုံးမဩဝါဒပါတိမောက်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ တပို့တွဲလသည် စုပေါင်းထမနဲထိုးပွဲများကျင်းပခြင်းဖြင့် မြန်မာတို့၏ စေတနာထက်သန်မှု၊ စည်းလုံးညီညွတ်မှုအားမာန်နှင့် ပျော်ရွှင်ဖွယ်ရာ ရိုးရာဓလေ့ကို မြင်တွေ့ရသည့်လတစ်လဖြစ်သကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်စူးရည်မှန်း၍ ပူဇော်သောအလှူပွဲများကျင်းပသည့် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့်လမြတ်လည်းဖြစ်သည်။ ❖

တပို့တွဲလသည် စုပေါင်းထမနဲထိုးပွဲများ ကျင်းပခြင်းဖြင့် မြန်မာတို့၏စေတနာထက်သန်မှု၊ စည်းလုံးညီညွတ်မှုအားမာန်နှင့် ပျော်ရွှင်ဖွယ်ရာရိုးရာဓလေ့ကို မြင်တွေ့ရသည့်လတစ်လဖြစ်သကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်စူးရည်မှန်း၍ ပူဇော်သောအလှူပွဲများကျင်းပသည့် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့်လမြတ်လည်းဖြစ်သည်။ ထိုသို့ မြန်မာ့ယဉ်ကျေးမှုပြယုဂ်ဖြစ်သည့် တပို့တွဲလ၏ရိုးရာပွဲတော်များ၊ ဓလေ့ထုံးတမ်းများနှင့် ယုံကြည်ကိုးကွယ်မှုအစဉ်အလာများကိုမပျောက်ပျက်စေရန် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# Fortune TV ရုပ်သံလိုင်းမှ စိန်ပန်းသစ္စာ ဇာတ်လမ်းတွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ကာ ထုတ်လွှင့်သွားမည်




ရန်ကုန် ဖေဖော်ဝါရီ ၁

Fortune TV ရုပ်သံလိုင်းမှ စိန်ပန်းသစ္စာ ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ စိန်ပန်းသစ္စာဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ ရဲရင့်သစ္စာထံမှ သိရသည်။

အဆိုပါ စိန်ပန်းသစ္စာအမည်ရှိ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ရဲရင့်သစ္စာနှင့် အင်ကြင်းဟန်တို့က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ရဲရင့်သစ္စာက တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက အပိုင်း ၁၅ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ ဒရမ်မာဇာတ်လမ်းပါပဲ။ မိသားစုဒရမ်မာလေးပါ။ ပညာပေးသဘောလဲပါဝင်ပါတယ်။ ဒီဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းကနေ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ရဲရင့်သစ္စာက ပြောပြသည်။

စိန်ပန်းသစ္စာ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ဆု၊ အလင်းသစ်၊ မော်ကွန်းသစ်၊ ဒေဝ်၊ ထူးသာ၊ မင်းသူ၊ ရဲနိုင်၊ ဝင်းမြင့်၊ ကျော်ဇင်မင်းမြတ်၊ ခင်မို့မို့အေး၊ မသီရီ၊ နန်းမြင့်၊ နန်းကေသရီ၊ အက်စတာလင်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Amazon MGM ၏ နေဗီဆီးဇာတ်ကား၌ အမျိုးသားသရုပ်ဆောင် သုံးဦးထပ်မံပါဝင်လာ

နယူးယောက် ဖေဖော်ဝါရီ ၁

Amazon MGM စတူဒီယို၏ နေဗီဆီး ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသားကိုဒီစမက်ဖီး၊ ဆမ်ရက်နာနှင့် အေဒနယ်ယန်းတို့လည်း ပါဝင်လာကြောင်း ဇန်နဝါရီ ၃၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အမျိုးသားသရုပ်ဆောင်သုံးဦးသည် နေဗီဆီးဇာတ်ကား၌ မင်းသားအလန်းရစ်ဆန်၊ ဂျိုကိုး၊ ဒိုင်းငုယင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး ၎င်းဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားသည် ဗီယက်နမ်စစ်ပွဲပြီးဆုံးလုဆဲဆဲတွင် အမေရိကန်နေဗီဆီးအထူးတပ်ဖွဲ့တစ်ဖွဲ့ စစ်မြေပြင်၌ ရင်ဆိုင်ခဲ့ရသည့် ဖြစ်ရပ်မှန်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်ဟက်ဂ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို လန်ရစ်ဆန်၊ မာ့ဆီးမို့နှင့် ဂျေဆင်ဟောတို့က ပူးတွဲရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် နေဗီဆီးဇာတ်ကားသစ် ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိတို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိတို့၏ လက်ရွေးစင်တေးများ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဖေဖော်ဝါရီ ၆ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ကိုင်ဇာထံမှ သိရသည်။

အဆိုပါလက်ရွေးစင်တေးများ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိတို့၏ သီဆိုဖျော်ဖြေမှုများကို The Square Theatre Bar ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဖေဖော်ဝါရီ ၆ ရက်ညမှာ မန္တလေးက The Square Theatre Bar မှာ ငယ်သူငယ်ချင်းတွေနဲ့ အတူရှိနေပါမယ်။ မန်းမြေက ပရိသတ်ကြီးအတွက် နှစ်တွေကြာ ခေတ်တွေပြောင်းပေမဲ့ မပြောင်းလဲတဲ့ သံယောဇဉ်တွေနဲ့ သူငယ်ချင်းသုံးယောက်ရဲ့ဖျော်ဖြေမှုကို ခံစားကြည့်ရှုရင် တစ်သက်လုံးပဲ သတိရနေမဲ့ပွဲဖို့ လက်လွတ်မခံသင့်ပါဘူး။ သီချင်းအပုဒ် ၂၀ ကျော်ကို တဝကြီးသီဆိုပေးမှာမို့ ရင်တွင်းခံစားချက်တွေနဲ့ ထပ်တူ စီးမျောဖို့အတွက် The Square Theatre မှာ ဆုံကြရအောင်"ဟု တေးသံရှင် ကိုင်ဇာက ပြောပြသည်။




တေးသံရှင် ကိုင်ဇာ၊ မေခလာ၊ မေဆွိတို့၏ လက်ရွေးစင်တေးများ တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဖေဖော်ဝါရီ ၆ ရက် ည ၇ နာရီ မိနစ် ၃၀ မှ ၁၀ နာရီထိ ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The King of Fashion ဇာတ်ကားကို ဒါရိုက်တာ ဘော့ဘီမော်ရက်စကို ရိုက်ကူးမည်

နယူးယောက် ဖေဖော်ဝါရီ ၁

ကွယ်လွန်သူ ကမ္ဘာကျော် ဖက်ရှင်ဒီဇိုင်နာ အီတလီနိုင်ငံသား ဂျော်ဂျီယိုအာမာနီ၏ အတ္ထုပ္ပတ္တိဇာတ်ကားကို အော်စကာဆုရှင် ဒါရိုက်တာ ဘော့ဘီမော်ရက်စကို က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်ဟု ဇန်နဝါရီ ၃၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

The King of Fashion အမည်ရှိ အဆိုပါဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာဘော့ဘီမော်ရက်စကိုကပင် တာဝန်ယူရေးသားမည်ဖြစ်သည်။


The King of Fashion ဇာတ်ကားသည် အာမာနီ၏ ပုဂ္ဂိုလ်ရေးဘဝနှင့် ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်လာပုံတို့ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

သို့ရာတွင် The King of Fashion ဇာတ်ကားကိုရိုက်ကူးရာတွင် ဟန်ဂေရီနိုင်ငံ၌ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The King of Fashion ဇာတ်ကား၌ ပါဝင်မည့် သရုပ်ဆောင်များကို ထုတ်လုပ်သူများက ရွေးချယ်နေဆဲဖြစ်ပြီး ၎င်းဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Hey Play Application က ကံကောင်းရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်လွှင့်ပေးသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ခတ္တယ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ကံကောင်း ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၇ ရက်တွင် Hey Play Application က ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ ကံကောင်း ရုပ်ရှင်ဇာတ်ကားကို ဖန်တီးရိုက်ကူးသူ ဒါရိုက်တာ ဝင်းလွင်ထက်ထံမှ သိရသည်။

အဆိုပါ ကံကောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကြယ်စုသစ်က ရေးသားထားပြီး ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ဝင်းလွင်ထက်က ခတ္တယ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဖန်တီးရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ထူးခြားပါတယ်။ ဦးဇင်းတစ်ပါးနဲ့ ခွေးလိမ္မာတစ်ကောင်ရဲ့ အကြောင်းကို ထူးထူးခြားခြားလေး ရိုက်ကူးတင်ဆက်ပေးထားပါတယ်။ ဒီဇာတ်ကားက ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ ရုံတင်ပြသခဲ့သလို ၂၀၂၃ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ပုံဆု၊ အကောင်းဆုံး ရုပ်ရှင် တေးဂီတဆုကိုလဲ ရရှိခဲ့ပါတယ်။ ဒါ့ပြင် အရှေ့တောင်အာရှ ရုပ်ရှင်လောကမှာပါ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ ကံကောင်း ရုပ်ရှင်ဇာတ်ကားက SEA International Film Festival 2024 မှာ Best Producer ဆုကို ခတ္တယ ရုပ်ရှင်ထုတ်လုပ်ရေး၊ Best Director ဆုကို ဝင်းလွင်ထက်၊ Best Actor ဆုကို ပိုင်တံခွန်၊ Best Drama & Asian Feature January Winner ဆုတွေကို မှတ်ကျောက်တင် ရရှိခဲ့ပါတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အဆိုပါ ကံကောင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ သူထူးစံ၊ နေထွဋ်၊ ခင်ဇာခြည်ကျော်၊ ခွေးလိမ္မာလေး ကံကောင်းနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Myanmar delegation returns to Yangon following ICJ hearings on Gambia-Myanmar case


Union Minister U Ko Ko Hlaing makes a speech at the welcoming ceremony for the Myanmar delegation returning to Yangon following ICJ hearings on the Gambia-Myanmar case

**Yangon February 1**

The Myanmar delegation, which submitted a response at the International Court of Justice (ICJ) in The Hague, the Netherlands, in defence of the dignity and right to a fair trial of the Republic of the Union of Myanmar, returned to Myanmar on 31 January. They arrived back at Yangon International Airport yesterday morning, being warmly welcomed back by Yangon Region Chief Minister U Soe Thein, regional ministers, departmental staff, civil society organizations, monks, artistes, and students, who held vinyl posters and waved miniature State flags.

A welcoming ceremony for the Myanmar delegation, led by Union Minister for Ministry 2 of the President's Office U Ko Ko Hlaing and Union Minister for Legal Affairs and Union Attorney-General Dr Thida Oo, was held at Yangon International Airport, where attendees saluted the flag of the Republic of the Union of Myanmar and sang the national anthem in chorus.

On the occasion, Union Minister U Ko Ko Hlaing, stating that the hearing represented the final and most important stage of the two-party proceedings and emphasizing the significance of the matter, noted that in a trial there are no draws or joint champions – only victory or defeat – and that Myanmar should not be defeated, with the multi-ministerial task force, accompanied by the Ambassador of the Myanmar Embassy in Brussels, embassy staff, and international counsels, having travelled from Myanmar to handle the proceedings, undertaking intensive work over 20 days, often day and night, following nearly five years of preparation during which the team faced numerous challenges, and ultimately fulfilling its efforts in the final hearing by presenting a complete, solid, and timely submission addressing both legal and informational requirements.


The Union minister said that, first, special gratitude was expressed to the Head of State and all those who entrusted the team with responsibility from the beginning and supported the fulfilment of all requirements related to the case.

He also expressed gratitude to the team at the ICJ, which worked tirelessly and with great dedication throughout the five years of the case and during the final 20 days of proceedings, to the international counsels who understood the situation and defended the country with full dedication and commitment, and, in addition, to the Myanmar Embassy in Brussels for providing all necessary support to ensure smooth proceedings at the International Court of Justice in The Hague, to the embassy staff who assisted at transit airports, to the ministries and media that supplied complete information from Myanmar to support the legal efforts, and to all others who participated in the process.

He also stated that, in particular, the team expressed lasting gratitude to the people of Myanmar for their wholehearted support of the country's delegation at the ICJ, noting that this support served as an invaluable source of strength, that, as the saying goes, "The party supported by the people wins the victory," that if the government and the people continue to work together in unity and solidarity any difficulties and challenges can be successfully overcome, and that continued collective effort is called for toward a golden future in building the new nation hoped for by all, with an appeal to the people to show their love for the country by saluting the national flag and actively singing the national anthem, aiming to achieve long-term, sustainable, and peaceful development in Myanmar.

As the Myanmar delegation, led by Union Ministers U Ko Ko Hlaing and Dr Thida Oo, departed Yangon International Airport in a motorcade, departmental staff, civil society organizations, monks, the public, and students displayed vinyl posters and waved miniature national flags, demonstrating strong public support. 100


Departmental staff, civil society organizations, monks, the public, and students accord welcome back to the Myanmar delegation.


Departmental staff, civil society organizations, monks, the public, and students waving miniature national flags to show support for the Myanmar delegation.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Heartfelt words of the people who accord a warm welcome to Myanmar delegation that contested the allegations at ICJ

**Yangon February 1**

The Myanmar delegation, which contested the allegations at the public hearings on the merits of the case between Gambia and Myanmar held at International Court of Justice (ICJ) in the Hague, the Netherlands, from 12 to 29 January to protect the honour of the Republic of Union of Myanmar and for justice and truth, arrived back in Yangon International Airport on 1 February morning, and people including monks accorded a rousing welcome to the delegation. Heartfelt words of the people who welcomed the delegation are as follows:

**U Khin Maung Kyaw Din (Vice Chairman 2 of Myanmar Press Council)**



The Myanmar delegation made Rebuttal Arguments against Gambia. The delegation has arrived back, and we of the MPC, on behalf of the news media, come here to show our support for the delegation. In my view, the delegation that arrived back from the Netherlands has achieved almost cent per cent success. When we study the merits of a case, if the defendant can provide a solid rebuttal, the plaintiff will surely lose the case. All the rebuttals of the Myanmar delegation were fact-based, precise and it presented them with full confidence. We all are happy for that. The delegation was there to protect the country's honourand the people's interest. We are happy as it could make the rebuttals with confidence, and as we see a large welcoming party, we are encouraged. It is encouraging to see a large number of youths including students here, and they together with multiple organizations ardently come with full enthusiasm to welcome the delegation that had contested the false allegations.

**U Zaw Lwin Oo (Chairman, Yangon Region Sports and Youth Affairs Support Committee)**



We held a meeting and members of the Yangon Region Sports and Youth Affairs Support Committee came to the airport to warmly welcome the Myanmar delegation that went to the International Court of Justice (ICJ) in The Hague, Netherlands, to defend the dignity and justice of the Republic of the Union of Myanmar. We are satisfied with their efforts in addressing the case. Our country has been unfairly accused, and this is not something that should have happened. It is better for the country's development when there are no such disturbances. Young people will also be able to participate and contribute. We warmly welcome the delegation for dedicating themselves wholeheartedly, both mentally and physically, to serve the nation with their expertise. We also urge Myanmar citizens living abroad to cooperate and contribute for the sake of the country.

**U Than Win (Member, Mayangone District YMBA)**



Today, we came to Yangon International Airport to welcome the group that went to protect and defend our country and our people. Seeing many members of the public gathered at the airport to welcome them made me feel proud. We, the youths from the YMBA, came together to welcome these valuable individuals who devoted themselves wholeheartedly to protecting our race, religion, and the nation. I have even greater respect for these knowledgeable individuals who went to resolve the unjust accusations against Myanmar.

**U Win Ko Ko Latt**



My name is U Win Ko Ko Latt, and I am an active participant of the patriotism movements. We, of a combined group of Patriotic Myanmar Monks Union (Yangon) and Patriotic Brothers and Sisters (Yangon) come here to welcome the delegation led by Union Minister U Ko Ko Hlaing. In fact, we come here to show our solidarity with the delegation that contested the allegations at ICJ and welcome its rebuttals as citizens who favour justice and stand proof to the incorrectness of Gambia's accusations. I am overjoyed to see a large crowd of people from Yangon including those from our two organizations, YMBA and other religious organizations and national brethren. We are a Buddhist country, and our people will never ever commit a crime like genocide, so we want a fair decision.

**Maung Win Ngwe Aung (Union Nationalities Youth Capacity Development Degree College – Yangon)**



I am currently studying at the Union Nationalities Youth Capacity Development Degree College (Yangon). I am happy to have the opportunity to come to the airport today to welcome the Myanmar delegation that went to the ICJ. I feel proud that they are defending Myanmar against the unfair lawsuit filed on the international stage. As the saying goes, "Today's youth are tomorrow's leaders," I will take part in national responsibilities to the best of my ability and strive to learn to become a good citizen.

**Ma Pu Tu**



My name is Ma Pu Tu. I am here to welcome the legal team and to express my enthusiastic support for the truth and prestige of our country. As a Myanmar citizen, I would like to say that Myanmar nationals are people, who boast a very high culture and are overwhelmed by the essence of religion. Myanmar people are sympathetic ones. So, I fully believe that they have never committed genocide. As a Myanmar national, I am here to denounce the accusations of genocide without sound evidence. Our people are welcoming the heroes back on their return by playing Myanmar traditional instruments on a grand scale.

**Ma Phyo Thiri Kyaw**



I am a first year student from Thingangyun Education College. I am glad to learn that arguments were successful. I am also glad to come here. I would like to express my gratitude for the people who arranged plans for me to come here. I am proud of myself and happy to welcome the legal team back.

**Yangon news team**

# World Insights: Violent law enforcement tears U.S. society wider apart

**Beijing February 1**

Within less than 2 kilometers and just 17 days apart, the deaths of two Americans at the hands of U.S. federal law enforcement have once again shed the spotlight on persistent problems of violent policing in the United States.

Occurring near the site where George Floyd was killed nearly six years ago, the latest incidents underscore how excessive law enforcement force -- entangled with racial discrimination, social inequality, widespread gun violence and systemic bias -- continues to weigh on U.S. society, while deepening partisan divisions further complicate efforts at reform.

Residents of Minneapolis, Minnesota, braved freezing winds on Jan. 25 to mourn Alex Pretti, a 37-year-old intensive care unit nurse who was fatally shot by law enforcement officers a day earlier.

A spokesperson for the U.S. Department of Homeland Security (DHS) said federal officers fired "defensive shots" after a man (Pretti) with a handgun approached them and "violently resisted" when officers tried to disarm him. However, video footage filmed by witnesses soon contradicted the account, showing Pretti holding a mobile phone, with no evidence indicating that he was armed.

Xinhua




Protesters hold placards during a rally against the U.S. Immigration and Customs Enforcement (ICE) near the Metropolitan Detention Center in downtown Los Angeles, California, the United States, on Jan. 25, 2026.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယတွင် Su-57 ကိုယ်ပျောက်တိုက်လေယာဉ်များထုတ်လုပ်ရန် ရုရှားနှင့်အိန္ဒိယတို့ကြား အဆင့်မြင့်ထိပ်သီးဆွေးနွေးမှုများပြုလုပ်နေ



ရုရှားနိုင်ငံ၏ အဆင့်မြင့်ဆုံး ပဉ္စမမျိုးဆက် Su-57 ကိုယ်ပျောက်တိုက်လေယာဉ်များကို အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်ရန်အတွက် ရုရှားနှင့် အိန္ဒိယတို့ကြား အဆင့်မြင့်ထိပ်သီးဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ရုရှားနိုင်ငံ RT သတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် အဆိုပါ Su-57 တိုက်လေယာဉ်များကို ရုရှား-ယူကရိန်း ပဋိပက္ခအတွင်း ထိရောက်စွာ အသုံးပြုလျက်ရှိပြီး ယခုအခါ ပြည်ပသို့တင်ပို့ရောင်းချရန်အတွက်လည်း အရှိန်အဟုန်မြှင့်ပြင်ဆင်နေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့တွင် ကျင်းပပြုလုပ်သည့် Wings India လေကြောင်းပြပွဲတွင် ရုရှားလေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၏ CEO ဖြစ်သူ Vadim Badekha က Su-57 လေယာဉ်များထောက်ပံ့ရေးနှင့် ထုတ်လုပ်ရေးအတွက် ညှိနှိုင်းမှုများသည် အလွန်နက်ရှိုင်းသော နည်းပညာပိုင်းဆိုင်ရာ အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားသည်။

အဓိက ဆွေးနွေးချက်များတွင် ပါဝင်သည်မှာ လက်ရှိအိန္ဒိယ၌ Sukhoi Su-30MKI တိုက်လေယာဉ်များ ထုတ်လုပ်နေသည့်စက်ရုံများကို အသုံးပြု၍ Su-57 တိုက်လေယာဉ်များ ထုတ်လုပ်သွားရန်၊ အိန္ဒိယနိုင်ငံထုတ် စနစ်များနှင့် အိန္ဒိယစက်မှုကဏ္ဍ၏ အင်အားကို အဆိုပါလေယာဉ်များတွင် အမြင့်ဆုံးထိထည့်သွင်း အသုံးပြုရန်တို့ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ပြုလုပ်သည့် ဒူဘိုင်းလေကြောင်းပြပွဲတွင် ရုရှားက Su-57 နည်းပညာကို အိန္ဒိယသို့ အကန့်အသတ်မရှိ လွှဲပြောင်းပေးရန်နှင့် လိုင်စင်ရယူ၍ အပြည့်အဝထုတ်လုပ်ခွင့်ပေးရန် ကမ်းလှမ်းခဲ့သည်။ ၎င်းမှာ မည်သည့်အနောက် နိုင်ငံကာကွယ်ရေး မဟာမိတ်ကမျှ အိန္ဒိယနိုင်ငံကို မပေးဖူးသော အခွင့်အရေးမျိုးဖြစ်သည်။

အိန္ဒိယ၏ လေကြောင်းအင်အား ဖြည့်တင်းမှုအနေဖြင့် လက်ရှိတွင် အိန္ဒိယလေတပ် (IAF) ရှိ တိုက်လေယာဉ်အုပ်စု၏ ၄၅ ရာခိုင်နှုန်းခန့်မှာ ရုရှားထုတ် Sukhoi Su-30MKI တိုက်လေယာဉ်များဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်း စစ်လက်နက်ပစ္စည်းများ၏ ၆၀ ရာခိုင်နှုန်းခန့်မှာလည်း ဆိုဗီယက် သို့မဟုတ် ရုရှားမူလလက်နက်များဖြစ်ကြသည်။ အိန္ဒိယ အစိုးရပိုင် Hindustan Aeronautics Limited (HAL) သည် ရုရှားနှင့်ပူးတွဲ၍ Sukhoi SJ-100 လေယာဉ်များ ထုတ်လုပ်ရန်အတွက်လည်း သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။ Su-57 လေယာဉ်ကို ပထမဆုံးအကြိမ် ပြည်ပသို့တင်ပို့မှုကို ၂၀၂၅ ခုနှစ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံသို့ စတင်ခဲ့သော်လည်း အိန္ဒိယနှင့်ချုပ်ဆိုမည့် စာချုပ်မှာမူ ဒေသတွင်း၌ ကိုယ်တိုင်ထုတ်လုပ်ခွင့်ပါရှိသဖြင့် ပိုမိုအရေးပါသော မဟာဗျူဟာမြောက်ခြေလှမ်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

အမေရိကန်က F-35 ကိုယ်ပျောက်တိုက်လေယာဉ်နည်းပညာကို အလွန်အမင်း ကန့်သတ်ထားချိန်တွင် ရုရှားက Su-57 နည်းပညာကို အပြည့်အဝလွှဲပြောင်းပေးမည်ဟု ကမ်းလှမ်းခြင်းသည် အိန္ဒိယနိုင်ငံကို ၎င်း၏ အမာခံမဟာမိတ်အဖြစ် ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခြင်းဖြစ်သည်။ အိန္ဒိယ၏ ပြည်တွင်းလက်နက်ထုတ်လုပ်မှု မြှင့်တင်ရေးမူဝါဒအရ Su-57 ကို အိန္ဒိယမြေပေါ်တွင် ထုတ်လုပ်နိုင်ပါက အိန္ဒိယ၏ လေကြောင်းနည်းပညာအဆင့်အတန်းသည် ကမ္ဘာ့ထိပ်တန်းသို့ ချက်ချင်းရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**Talks on Indian-made Su-57s at advanced stage – Russian aircraft giant ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်စစ်ဘက်က အရှေ့အလယ်ပိုင်းဒေသတွင် ရက်ပေါင်းများစွာကြာမြင့်မည့် အကြီးစားစစ်ရေးလေ့ကျင့်မှုများ စတင်

အမေရိကန်စစ်ဘက်သည် အရှေ့အလယ်ပိုင်းဒေသတွင် ရက်ပေါင်းများစွာကြာမြင့်မည့်အကြီးစား စစ်ရေးလေ့ကျင့်မှုများကို စတင်လိုက်ပြီဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လေ့ကျင့်မှုများသည် သမ္မတဒေါ်နယ်ထရမ့်က အီရန်နှင့် တင်းမာမှုများမြင့်တက်နေစဉ်အတွင်း နောက်ထပ်ရေတပ်အင်အားစုများ ထပ်မံဖြန့်ကြက်မည်ဟု ကြေညာလိုက်ခြင်းနှင့် တိုက်ဆိုင်နေကြောင်း သိရသည်။


အမေရိကန်လေတပ် အလယ်ပိုင်းစစ်ဌာနချုပ် (AFCENT) က ယခုတိုက်ပွဲဝင်အသင့်ဖြစ်ရေး လေ့ကျင့်မှုသည် တိုက်ခိုက်ရေးလေယာဉ်များကို လျင်မြန်စွာ ဖြန့်ကြက်ခြင်းနှင့် ထိန်းသိမ်းခြင်းစွမ်းရည်ကို ပြသရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ၎င်းစစ်ဆင်ရေးသည်စစ်သည်များနှင့် တိုက်လေယာဉ်များကို အရေးပေါ်အခြေအနေအရ သတ်မှတ်ထားသော နေရာအသီးသီးသို့ဖြန့်ခွဲချထားခြင်းနှင့် အမည်မဖော်လိုသော မဟာမိတ်နိုင်ငံများနှင့် ကွပ်ကဲမှုစနစ်ပေါင်းစပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အတည်ပြုရန်ဖြစ်ကြောင်း သိရသည်။

"ဒါဟာ တိုက်ပွဲဝင်ဖို့ အမြဲအသင့်ရှိနေတဲ့ လေတပ်သားတွေဖြစ်စေဖို့နဲ့ လေကြောင်းအင်အား လိုအပ်တဲ့အချိန်၊ လိုအပ်တဲ့နေရာမှာ အသုံးချနိုင်ဖို့အတွက် စနစ်တကျ လုပ်ဆောင်ရမဲ့ ကျွန်တော်တို့ရဲ့ ကတိကဝတ်ကို ထိန်းသိမ်းတာပဲဖြစ်ပါတယ်" ဟု အမေရိကန်လေတပ် အလယ်ပိုင်းစစ်ဌာနချုပ် တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး Derek France က ပြောကြားခဲ့သည်။

လေကြောင်းလေ့ကျင့်မှုများအပြင် ရေတပ်အင်အားကိုလည်း အကြီးအကျယ်မြှင့်တင်ထားသည်။ အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ် (CENTCOM) ၏ အဆိုအရ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောနှင့်အတူ ပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘောများသည် ယခုတစ်ပတ်အစောပိုင်းတွင် ဒေသတွင်းသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်သည် F-15E Strike Eagle တိုက်လေယာဉ်များ၊ Patriot ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် THAAD လေကြောင်းရန်ကာကွယ်ရေး စနစ်များကိုလည်း အရှေ့အလယ်ပိုင်းဒေသသို့ ထပ်မံရွှေ့ပြောင်းထားကြောင်း သိရသည်။

"အခုအချိန်မှာ အီရန်နိုင်ငံဘက်ကို လှပစွာ ရွေ့လျားနေတဲ့ နောက်ထပ် ခံ့ညားထည်ဝါတဲ့ စစ်သင်္ဘောအုပ်စုကြီးတစ်ခုရှိနေပါပြီ" ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီး အီရန်အနေဖြင့် သဘောတူညီချက်တစ်ခု ရယူနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ထည့်သွင်းပြောဆိုခဲ့သည်။ အီရန်အနီးရှိ ယခုရေတပ်အင်အားစုမှာ ဗင်နီဇွဲလား စစ်ဆင်ရေးတွင် အသုံးပြုခဲ့သည်ထက်ပင် ပိုမိုကြီးမားကြောင်း ၎င်းက အခိုင်အမာ ပြောဆိုခဲ့သည်။



အဆိုပါ စစ်ရေးလေ့ကျင့်မှုများသည် သီတင်းပတ်ပေါင်းများစွာ အလွန်အမင်းတင်းမာမှုများ ဖြစ်ပွားခဲ့ပြီးနောက်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အီရန်နိုင်ငံအတွင်း အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများကို အကြမ်းဖက်နှိမ်နင်းခြင်းအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ကို အပြစ်ပေးရန် တိုက်ခိုက်မှုများပြုလုပ်ရန်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**US launches military 'readiness' drills in the Middle East ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရေဦး ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်း လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၃၂၀ နှင့် ဖူးစားပြောင်း ၁၅၂၉ ဧက စုစုပေါင်း ၁၈၄၉ ဧကတို့ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ်အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၃၁၄ ဧကနှင့် ဖူးစားပြောင်း ၃၁၂၇ ဧက စုစုပေါင်း ၃၄၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပြောင်း ၁၈၄၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၃၄၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ငါးရှဉ့်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး ယခုနှစ် ဇန်နဝါရီလတစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းငါးရှဉ့်တွေသိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်ပိဿာချိန် ၆၅၀၀၀ ထိကို တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချပြီး ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူး ရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရှဉ့်မွေးမြူသူတွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်" ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဖျာပုံမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖျာပုံ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ခနုံးချောင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်က ခနုံးချောင်းကျေးရွာနှင့် တူးမြောင်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခနုံးချောင်းကျေးရွာနှင့် တူးမြောင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၅ ဒသမ ၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခနုံးချောင်းကျေးရွာနှင့် တူးမြောင်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၃၁၆ ဒသမ ၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၂ ဦးကို ငွေကျပ်၁၅၈ ဒသမ ၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၁ ဦးကို ရန်ပုံငွေကျပ် ၄၇၅ ဒသမ ၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်




# ဥတ္တရသီရိမြို့နယ် မသိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မသိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့် ဝန်ထမ်းများက မသိမ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ပြီး မသိမ်ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်ထံမှ သိရသည်။

ကိုညီ

**စာပေမြင့်မှ လူမျိုးတင့်မည်**



❍ ပြန်လည်ရောက်ရှိမှုအဆက်

တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆိုထောက်ခံကြောင်း ဗီနိုင်းပိုစတာများကိုင်ဆောင်ကာ နိုင်ငံတော်အလံများ ဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲတစ်ခဲနက်ကြိုဆိုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝင်းအတွင်းကျင်းပရာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံတော်အားအလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ပြောကြားရာ၌ ယခုကြားနာမှုမှာ နောက်ဆုံးအဆင့် နှစ်ဖက်စုံညီလျှောက်လဲကြားနာမှုဖြစ်ပြီး အမှု၏အရေးကြီးဆုံးအဆင့်ဖြစ်ပါကြောင်း၊ ထိုအမှု၏ အရေးကြီးပုံကို အားလုံးလည်းသိရှိပြီးဖြစ်ပါကြောင်း၊ တရားရင်ဆိုင်မှုတွင် သရေမရှိ၊ ပူးတွဲ ချန်ပီယံမရှိဘဲ အနိုင်၊ အရှုံးနှစ်မျိုးသာရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ထိုအမှုတွင် မည်သို့မျှ အရေးနိမ့်၍မဖြစ်သည့်အတွက် မိမိတို့တစ်ဖွဲ့လုံး ကျားကုတ်ကျားခဲကြိုးစား၍ ရင်ဆိုင်ထုချေ လျှောက်လဲခဲ့ကြပါကြောင်း၊ မိမိတို့အဖွဲ့ဆိုရာတွင် မြန်မာနိုင်ငံမှ သွားရောက်ရင်ဆိုင်ခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖွဲ့နှင့် ဘာရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့်တကွ သံရုံးဝန်ထမ်းများ၊ နိုင်ငံတကာရှေ့နေအဖွဲ့များ အတူတကွပူးပေါင်း၍ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အမှုရင်ဆိုင်ခဲ့သည့် ရက်ပေါင်း ၂၀ တွင် အချိန်လု၍ ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ မိမိတို့အဖွဲ့သည် နေ့မအား၊ ညမအားကြိုးပမ်းလုပ်ဆောင်ကြရပါကြောင်း၊တချို့နေ့ရက်များတွင်ညလုံးပေါက်မနားတမ်းဆောင်ရွက်ခဲ့ကြရပါကြောင်း။

အမှန်တကယ်တွင် ထိုအမှုမှာ ရက်ပေါင်း ၂၀ သာ အပြင်းအထန်လုပ်ခဲ့ရသည် မဟုတ်ဘဲ မိမိတို့လုပ်ငန်းအဖွဲ့သည် အမှုတွင် ခိုင်ခိုင်မာမာတုံ့ပြန်ချေပနိုင်ရန် ငါးနှစ်ခန့် ကျားကုတ်ကျားခဲကြိုးပမ်းခဲ့ကြရပါကြောင်း၊ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးလည်း ကြုံခဲ့ရပါကြောင်း။

ယင်းအနေအထားမှ နောက်ဆုံးကြားနာမှုတွင် မိမိတို့ပင်ပန်းခဲ့ရကြိုးနပ်အောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဥပဒေပိုင်းဆိုင်ရာတွင်သာမက အချက်အလက်ပိုင်းဆိုင်ရာမှာပါ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်လုံလုံနှင့် အချိန်မီပြုစုတင်ပြလျှောက်လဲနိုင်ခဲ့ပါကြောင်း။

ပထမဆုံးကျေးဇူးတင်လိုသည်မှာ အမှုနှင့်ပတ်သက်၍ အစမှအဆုံးတိုင် မိမိတို့အဖွဲ့ကို ယုံယုံကြည်ကြည်ဖြင့် တာဝန်ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲနှင့်တကွ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

အလားတူ အမှုတစ်လျှောက်လုံး ငါးနှစ်တာကာလနှင့်နောက်ဆုံးတိုက်ပွဲ ရက် ၂၀ ထိ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် အစစအရာရာ အနစ်နာခံ၊ အပင်ပန်းခံပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် မိမိ၏ရဲဘော်ရဲဘက် ICJ လုပ်ငန်းအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှင့်အတူ မိမိတို့၏အဖြစ်မှန်ကို နားလည်သိရှိ၍ မိမိတို့ဘက်မှစေတနာအပြည့်ဖြင့် ဝတ်ကျေတမ်းကျေမဟုတ်ဘဲ ခုခံကာကွယ်လျှောက်လဲပေးခဲ့သည့် နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် နယ်သာလန်နိုင်ငံသည်ဟိတ်မြို့၌သွားရောက်တရားရင်ဆိုင်ရခဲ့ရသည့် အကြိမ်တိုင်းတွင် အစစအရာရာ

## နိုင်ငံကိုတရားစွဲတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသူ၊နိုင်ငံသား ပြည်သူလူထုတွေက ဒီနိုင်ငံသားတွေဖြစ်တဲ့အတွက် တညီတညွတ်တည်း ကန့်ကွက်ရမယ်၊ တညီတညွတ်တည်း မြန်မာကိုယ်စားလှယ်အဖွဲ့ကို အားပေးထောက်ခံရမှာဖြစ်ပါတယ်

ဦးခင်မောင်ကျော်ဒင်(ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)


အုန်းသီး


ဦးခင်မောင်ကျော်ဒင်


မဖြိုးသီရိကျော်


ဦးဇော်လွင်ဦး


ဦးဝဏ္ဏ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်(Convention on the Prevention and Punishment of the Crime of Genocide)သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံသည်ဟိတ်မြို့တွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်(Agent)ဖြစ်သည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပူးတွဲကိုယ်စားလှယ်(Alternate Agent)ဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကတက်ရောက်၍ ခုခံချေပလျှောက်လဲခဲ့သည်။

ကြားနာပွဲတက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများပေးအပ်ပြီး ကြိုဆိုထောက်ခံကြောင်း ဗီနိုင်းပိုစတာများကိုင်ဆောင်ပြီး နိုင်ငံတော်အလံများဝှေ့ယမ်းကာလှိုက်လှိုက်လှဲလှဲတစ်ခဲနက်ကြိုဆိုခဲ့ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ကြိုဆိုခဲ့ကြသည့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-

**အုန်းသီး(ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ)**

ကျွန်တော်တို့နိုင်ငံအတွက် ကာကွယ်ပေးတဲ့ပုဂ္ဂိုလ် ကျွန်တော်တို့နိုင်ငံအတွက် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ပေးတဲ့အတွက် လာရောက်ကြိုဆိုရတာပါ။ အခုလို ရဲရဲဝံ့ဝံ့ ပြောရဲဆိုရဲတဲ့ပုဂ္ဂိုလ်မျိုး မြန်မာနိုင်ငံမှာ များများပေါ်ပါစေ၊ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်လဲ ကာကွယ်ပေးတဲ့ပုဂ္ဂိုလ်၊လေးစားထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် လှိုက်လှိုက်လှဲလှဲလာရောက်ကြိုဆိုတာပါ။ ICJမှာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နဲ့ အဖွဲ့သွားရောက်ချေပတဲ့အပေါ်မှာ ကျေနပ်အားရမှုရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့အဖွဲ့က ဉာဏ်ပညာတွေ၊အတွေ့အကြုံတွေ ကျွန်တော်တို့ထက်အများကြီးရှိပါတယ်။ ကျွန်တော့်အနေနဲ့ သုံးသပ်ရမယ်ဆိုရင် သူများနိုင်ငံလဲ ကျွန်တော်တို့ ဝင်ရောက်မစွက်ဖက်ဘူး၊ ကျွန်တော်တို့နိုင်ငံကိုလဲ ဝင်ရောက်မစွက်ဖက်စေချင်ဘူး။ ကျွန်တော်တို့ အေးအေးချမ်းချမ်းပဲနေချင်ပါတယ်၊ ကျွန်တော့်အနေနဲ့ ပြည်သူလူထုကိုပြောချင်တာကတော့ မိမိနိုင်ငံကို မိမိချစ်ကြပါ၊ ကိုယ့်နိုင်ငံသာယာမှ ကျွန်တော်တို့ ပြည်သူလူထုဘဝလဲ သာယာမှာဖြစ်ပါတယ်။

**ဦးခင်မောင်ကျော်ဒင်(ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

ဂမ်ဘီယာကနေစွဲတဲ့အမှုကို မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က နယ်သာလန်နိုင်ငံသည်ဟိတ်မြို့မှာသွားပြီးတော့ အမှုရင်ဆိုင်ခဲ့တယ်၊ ရင်ဆိုင်ခဲ့ပြီးတော့ ရက် ၂၀ လောက်ကြာတဲ့အမှုမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ကြိုးစားအားထုတ်မှုတွေ၊လျှောက်လဲမှုတွေကို လေးစားဂုဏ်ပြုတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေနဲ့ လာရောက် ဂုဏ်ပြုကြိုဆိုတာဖြစ်ပါတယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ မြန်မာနိုင်ငံအကျိုးစီးပွားကို ကာကွယ်တဲ့အတွက် ထောက်ခံတဲ့အနေနဲ့ ကျွန်တော်တို့လဲ တစ်သားတည်းရပ်တည်ပါတယ်။ လူပုဂ္ဂိုလ်ကို တရားစွဲတာနဲ့ နိုင်ငံကို တရားစွဲတာက မတူဘူး။ နိုင်ငံကိုတရားစွဲတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသူ၊နိုင်ငံသား ပြည်သူလူထုတွေက ဒီနိုင်ငံသားတွေဖြစ်တဲ့အတွက် တညီတညွတ်တည်း ကန့်ကွက်ရမယ်၊ တညီတညွတ်တည်း ဒီကိုယ်စားလှယ်အဖွဲ့ကို အားပေးထောက်ခံရမှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်ဆိုရင်တော့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပါလို့ရတယ်၊ မပါလို့လဲရတယ်။ အခုက နိုင်ငံကိုတရားစွဲတဲ့အတွက် ပြည်သူလူထုတွေအနေနဲ့ ပါကိုပါရမှာဖြစ်ပါတယ်။

**မဖြိုးသီရိကျော် (သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်)**

ကျွန်မအနေနဲ့ကတော့ ကိုယ့်ရဲ့နိုင်ငံအတွက် မတရားစွပ်စွဲခံရတာကို မြန်မာကိုယ်စားလှယ်အဖွဲ့က ICJတရားရုံးမှာသွားပြီးတော့ ဖြေရှင်းပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်က ကျောင်းသား၊ကျောင်းသူဦးရေ ၅၀၀ လောက်လာပြီး ဂုဏ်ပြုကြိုဆိုပါတယ်။ တခြားကျောင်းက ကျောင်းသား၊ကျောင်းသူတွေလဲလာရောက်ကြိုဆိုတယ်လို့သိရပါတယ်။ အခုလိုမျိုး ကိုယ့်နိုင်ငံအတွက် မြန်မာကိုယ်စားလှယ်အဖွဲ့ကဖြေရှင်းပေးပြီး ပြန်ရောက်လာကြတာကို ကြိုဆိုရတဲ့အတွက် မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ ဂုဏ်ယူမဆုံးဖြစ်ပြီး ဝမ်းသာမိပါတယ်။





အဆင်ပြေစေရန် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည့် မြန်မာသံရုံး ဘရပ်ဆဲလ်မှ သံရုံးဝန်ထမ်းများ၊ တစ်ထောက်နားခဲ့သည့် လေဆိပ်များတွင် လာရောက်ကူညီခဲ့ကြသည့် သံရုံးဝန်ထမ်းများ၊ မိမိတို့ ဥပဒေစစ်မြေပြင်ရှေ့တန်းတွင် တိုက်ပွဲဝင်နိုင်စေရန် မြန်မာနိုင်ငံအတွင်းမှ အချက်အလက်များကို ပြည့်ပြည့်စုံစုံရအောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် ဝန်ကြီးဌာနများ၊ မီဒီယာများနှင့် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ရဲဘော်ရဲဘက်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးသဖြင့် မိမိတို့ ICJ ဆိုင်ရာ မြန်မာအဖွဲ့ကို ရင်ထဲအသည်းထဲမှ လှိုက်လှိုက်လှဲလှဲထောက်ခံအားပေးခဲ့ကြသည့် အမိမြန်မာပြည်မှ ပြည်သူလူထုကြီးတစ်ရပ်လုံးကို မိမိတို့အဖွဲ့က အစဉ်ထာဝရကျေးဇူးတင်နေမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးက မိမိတို့နှင့်အတူ အားပေးရပ်တည်ခဲ့မှုသည် မိမိတို့အတွက် အဖိုးမဖြတ်နိုင်သည့် ခွန်အားဖြစ်ခဲ့ပါကြောင်း၊ ပြည်သူပါသည့်ဘက်က စစ်နိုင်သည်ဆိုသည့် ဆိုရိုးစကားအတိုင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြီးတစ်ခုလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပြီး လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် မည်သည့်အခက်အခဲမဆို၊ ကြမ်းတမ်းသည့် စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အားလုံး မျှော်လင့်တောင့်တနေကြသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အားလုံးစည်းလုံးညီညွတ်မှုနှင့် ရွှေရောင်အနာဂတ်ကို အတူတကွလျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း။

မကြာခင် ပေါ်ပေါက်လာတော့မည့် နိုင်ငံတော်၏ အခင်းအကျင်းအသစ်နှင့်အတူ မိမိတို့ချစ်သည့် မြန်မာနိုင်ငံတော်ကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက်ရည်မှန်း၍ မိမိတို့အားလုံး နိုင်ငံတော်အလံကို အလေးပြုပြီး နိုင်ငံတော်သီချင်းကို တက်တက်ကြွကြွသီဆိုကာ မိမိတို့၏ နိုင်ငံချစ်စိတ်ကိုပြသပေးကြပါစို့ဟု မေတ္တာရပ်ခံလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်တန်းဖြင့် ပြန်လည်ထွက်ခွာရာ လမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဗီနိုင်းပိုစတာများကိုင်ဆောင်ပြီး နိုင်ငံတော်အလံများဝှေ့ယမ်းကာ လှိုက်လှိုက်လှဲလှဲတစ်ခဲနက် ကြိုဆိုထောက်ခံကြောင်း ပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ဦးဇော်လွင်ဦး(ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာလုပ်ငန်းကော်မတီ)**

ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အစစအရာရာအဆင်ပြေစေဖို့ အခက်အခဲအနှောင့်အယှက်အတားအဆီးများမရှိဘဲ ကိုယ့်နိုင်ငံ



ဦးထင်ကျော်မိုး

ကိုယ့်လူမျိုးချောချောမွေ့မွေ့နဲ့ တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရင်ကောင်းတာပေ့ါ။ ဒါကြောင့် ကျွန်တော်တို့က အခက်အခဲအနှောင့်အယှက်အတားအဆီးတွေကိုဝိုင်းဝန်းပြီး မိသားစုစိတ်ဓာတ်နဲ့ ဖြေရှင်းနိုင်ရင်အောင်မြင်နိုင်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေ အကုန်လုံးက ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေ၊ ကျွန်တော်တို့လုပ်ရမယ့်တာဝန်တွေကို သိရှိပြီးတော့ အတူတကွပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ICJတရားရုံးမှာသွားရောက်ဖြေရှင်းပြီး ပြန်လည်ရောက်ရှိလာတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ရှင်းလင်းပြောပြချက်ကို လိုက်နာမှတ်သားပြီး ဘယ်လိုဆောင်ရွက်မယ်။ ဘယ်လိုလိုက်နာရမယ်ဆိုတာတွေ ကိုယ့်နိုင်ငံနဲ့ကိုယ့်လူမျိုးအတွက် ပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ဒီနေ့လူငယ်ကဏ္ဍအနေနဲ့ လူဦးရေ ၅၀ တက်ရောက်ဂုဏ်ပြုကြိုဆိုတာဖြစ်ပါတယ်၊ အဓိကကတော့ ကိုယ့်တိုင်းပြည်မှာ ဘယ်အနှောင့်အယှက်မှ မရှိစေချင်တဲ့အတွက်ကြောင့် ဒါတွေကို ဝိုင်းဝန်း ဝန်းရံပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။

**ဦးဝဏ္ဏ(ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို)အဖွဲ့)**

ကျွန်တော်တို့ကတော့ ဘာသာပေါင်းစုံ



မောင်ရောင်စဉ်ထွန်း

ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဖြစ်ပြီး ဘာသာကြီးလေးရပ်နဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ နိုင်ငံသားအားလုံးက နိုင်ငံကိုကိုယ်စားပြုပြီး အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)မှာ သွားရောက်ဖြေရှင်းခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံဂုဏ်သိက္ခာကိုကယ်တင်နိုင်အောင်လို့ ကမ္ဘာ့အမြင်မှာ မြန်မာက တကယ်အကြမ်းဖက်နေတယ်လို့ ဝါဒတွေအကြမ်းဖက်နေတယ်ဆိုတဲ့အမြင်တွေ ဒါတွေကိုဖျောက်ဖျက်အောင် အမှန်တရားတွေကို ဖော်ထုတ်ပေးတဲ့ ကိုယ်စားလှယ်အဖွဲ့ဖြစ်ပါတယ်။မြန်မာနိုင်ငံကို အကြမ်းဖက်နေတယ်ဆိုပြီး အများအမြင်ဝါဒဖြန့်နေတဲ့မီဒီယာတွေကို ဒီလိုမျိုးအမှန်တရားတွေကို သိမြင်လာအောင်လို့သွားရောက်ပြီးတော့ ဖြေရှင်းတာဖြစ်ပါတယ်။ အခုလိုICJတရာရုံးမှာ ရဲရဲဝံ့ဝံ့ပြောကြားပြီး ဖြေရှင်းပေးခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

**ဦးထင်ကျော်မိုး(ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း)**

မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံကနေပြီးတော့ မဟုတ်မမှန်လုပ်ကြံပြီးတော့ စွပ်စွဲတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့



မောင်ကျော်သူဇော်

နိုင်ငံက မြန်မာကိုယ်စားလှယ်အဖွဲ့ကနေပြီးတော့သွားရောက်ပြီးဖြေရှင်းတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့အတူ ကျွန်တော်တို့အားလုံးကလဲ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်ဆိုတာကို ပြသချင်တဲ့အတွက်ကြောင့် ယခုလိုလာရောက်ဂုဏ်ပြုကြိုဆိုတာဖြစ်ပါတယ်။ အခုလိုလာ ရောက်ကြိုရတဲ့အတွက် လှိုက်လှိုက်လှဲလှဲဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီမှာလာရောက်ဂုဏ်ပြုကြိုဆိုတဲ့သူတွေကိုကြည့်မယ်ဆိုရင် ပြည်တွင်းမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့စည်းတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေလဲ အားတက်သရောလာရောက်ဂုဏ်ပြုကြိုဆိုကြတာတွေ့ရပါတယ်၊

**မောင်ရောင်စဉ်ထွန်း (ရန်ကင်းပညာရေးဒီဂရီကောလိပ်)**

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာနဲ့ တရားမျှတတဲ့အမှန်တရားအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးမှာ သွားရောက်ဖြေရှင်းပေးခဲ့ကြပြီး ပြန်လည်ရောက်ရှိလာကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုရတဲ့အတွက် ရန်ကင်းပညာရေးဒီဂရီကောလိပ်မိသားစုအနေနဲ့ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ လူငယ်တိုင်းလူငယ်တိုင်းမှာ ကျွန်တော်



မောင်ဟိန်းစွမ်းသူ

တို့ အမိမြန်မာနိုင်ငံတော်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးအစရှိတဲ့ နိုင်ငံတော်ရဲ့ သမိုင်းပေးတာဝန်တွေကို လူငယ်တွေအနေနဲ့ နောင်တစ်ချိန်ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် အစကောင်းမှအနှောင်းသေချာဆိုသလိုမျိုးပဲပေ့ါ။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ အခုကတည်းကစပြီး နိုင်ငံတော်ရဲ့ ကိစ္စရပ်တွေမှာ တစ်ထောင့်တစ်နေရာကနေ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းသာယာဝပြောရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ပြီးတော့ ဆောင်ရွက်ပေးစေလိုပါတယ်။ အခုအပြည်ပြည်ဆိုင်ရာတရားရုံးမှာသွားရောက်ဖြေရှင်းခဲ့တဲ့အမှုက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုစွဲဆိုခြင်းမဟုတ်ဘဲ နိုင်ငံတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့အမှုဖြစ်တဲ့အတွက် ကျွန်တာ်ရဲ့ အမြင်နဲ့ပြောရမယ်ဆိုရင် နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ ကိုယ့်နိုင်ငံရဲ့ လွတ်လပ်ခွင့်ဆိုတာရှိပါတယ်၊ အခုမှုကို သွားရောက်ဖြေရှင်းပေးခဲ့တဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

**မောင်ကျော်သူဇော်(ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ)**

အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)မှာ ဖြေရှင်းပြီး ပြန်လည်ရောက်ရှိလာတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို လာရောက်ဂုဏ်ပြုကြိုဆိုရတဲ့အတွက် လူငယ်တစ်ယောက်အနေနဲ့ ဝမ်းသာမိပါတယ်။ အခု ဂမ်ဘီယာနိုင်ငံက မဟုတ်မမှန်စွပ်စွဲပြီး တရားစွဲဆိုတာကို ရဲရဲဝံ့ဝံ့နဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကဖြေရှင်းခဲ့တာကို ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်တွေကို ပြောချင်တာကတော့ အွန်လိုင်းပေါ်က သတင်းတု၊သတင်းမှားတွေကို နားမယောင်ကြဘဲ အမိမြန်မာနိုင်ငံတော်ရဲ့ပကတိအခြေအနေကိုသေချာသုံးသပ်ပြီး အမှန်ကိုသိမြင်နိုင်အောင် ကြိုးစားကြပါလို့ပြောချင်ပါတယ်။

**မောင်ဟိန်းစွမ်းသူ(သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်)**

ကျွန်တော်တို့နိုင်ငံရဲ့ဂုဏ်သိက္ခာအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးကို ရဲဝံ့စွာသွားရောက်ဖြေရှင်းခဲ့တဲ့မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကိုဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ လာရောက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့အနေနဲ့ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ သွားရောက်ဖြေရှင်းခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး အားရကျေနပ်မှုရှိပါတယ်၊ လူငယ်တွေအနေနဲ့အပျော်အပါးမမက်ဘဲ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးရမယ်၊ကိုယ့်နိုင်ငံရဲ့သမိုင်းကြောင်းကိုလဲသိထားရမယ်၊ သမိုင်းကို မသိထားရင် အလိမ်အညာခံရမယ်၊ ကိုယ့်နိုင်ငံရဲ့ သမိုင်းကြောင်းသိထားမှသာ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးနိုင်မှာပါ။

**တွေ့ဆုံမေးမြန်း– ကျော်ကျော်၊ ကိုကိုဇော်**

**ဓာတ်ပုံ– ဇော်မင်းလတ်**

## ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာမှု

### ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၂) ဦးညီညီသွယ် | ၁၂/လမတ(နိုင်)<br>၀၀၀၃၀၇ | လမ်းမတော်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) ဒေါ်အေးအေးမြင့် | ၁၂/ဆကခ(နိုင်)<br>၀၁၅၉၈၂ | ဆိပ်ကြီး/ခနောင်တိုမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) ဒေါ်ဆွေဆွေဝင်း | ၁၂/ဒလန(နိုင်)<br>၀၀၉၁၅၇ | ဒလမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) ဦးဇွဲရန်နိုင်(ခ)<br>ဦးကိုကိုဇော် | ၁၂/ဒဂမ(နိုင်)<br>၀၀၉၂၈၆ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) ဦးသိန်းကျော် | ၁၂/ကတတ(နိုင်)<br>၀၂၁၉၈၀ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) ဦးတင်ရှိန် | ၁၂/မဂတ(နိုင်)<br>၀၀၄၈၈၃ | မင်္ဂလာတောင်ညွန့်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) ဦးငွေအောင် | ၅/ကသန(နိုင်)<br>၀၂၄၆၂၈ | သာကေတမြို့နယ်<br>ကိုယ်စားလှယ်မှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) ဒေါ်ဝင်းဝင်းအောင် | ၁၂/ဥကမ(နိုင်)<br>၀၁၆၃၁၃ | မြောက်ဥက္ကလာပမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀)ဒေါက်တာထူးမောင် | ၅/ရဥန(နိုင်)<br>၀၁၇၇၃၉ | တာမွေမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁)ဦးချစ်ကိုကို | ၁၂/ဒဂန(နိုင်)<br>၀၀၂၂၂၅ | ရန်ကင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) ဒေါ်အေးမင်းမိုး | ၁၂/ကတန(နိုင်)<br>၀၀၀၃၁၁ | ကျောက်တန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃)ဦးအေးသိန်း | ၁၂/ခရန(နိုင်)<br>၀၀၇၁၆၉ | ခရမ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄)ဒေါ်ခင်မြတ်စု | ၁၂/သခန(နိုင်)<br>၀၃၈၂၅၁ | သုံးခွမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅)ဦးမျိုးမြင့် | ၁၂/စခန(နိုင်)<br>၀၀၄၇၇၅ | စမ်းချောင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆)ဦးမင်းမင်း | ၁၂/ခရန(နိုင်)<br>၀၇၃၁၄၁ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇)ဦးကြည်စိုး | ၁၂/သခန(နိုင်)<br>၀၂၆၆၆၄ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |

### ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၁ )

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၁၈)ဦးကျော်ကျော်စိုး | ၈/ငဖန(နိုင်)<br>၀၁၁၇၉၉ | မြောက်ဥက္ကလာပမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉)ဦးထင်ကျော်သူ | ၁၂/လကန(နိုင်)<br>၀၂၂၀၂ | မရမ်းကုန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) ဦးစံကျော် | ၁၂/ဆကန(နိုင်)<br>၀၀၀၈၄၃ | လှိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) ဒေါ်သင်းသင်းမိုး | ၁၂/မဘန(နိုင်)<br>၀၂၁၉၀၄ | ကြည့်မြင်တိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) ဦးထင်လင်းကျော် | ၁၂/သဃက(နိုင်)<br>၁၆၁၀၀၁ | စမ်းချောင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) ဒေါ်ခိုင်ဆုရည်ဇော် | ၁၂/စခန(နိုင်)<br>၀၆၅၄၁၂ | ဗဟန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) ဦးကျော်လင်း | ၁၂/လမတ(နိုင်)<br>၀၁၆၆၅၂ | ကမာရွတ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၅) ဦးအောင်ခိုင်ဦး | ၅/ကဘလ(နိုင်)<br>၀၀၆၅၆၃ | အလုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၂၆) ဒေါ်စောစောဦး | ၁၂/လသန(နိုင်)<br>၀၀၃၉၄၁ | လမ်းမတော်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၂၇) ဦးသန်းထွေး | ၁၂/ပဘတ(နိုင်)<br>၀၀၈၆၂၇ | ပန်းဘဲတန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၂၈) ဦးကျော်မင်းထက် | ၈/သရန(နိုင်)<br>၀၉၈၅၁၂ | ကျောက်တံတားမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၂၉) ဒေါက်တာ<br>တင်အောင်ခိုင် | ၁၂/တမန(နိုင်)<br>၀၁၇၀၂၀ | ဒဂုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၀)ဒေါ်အေးမြသဲဖြူ | ၁၄/ဖပန(နိုင်)<br>၀၉၄၈၅၃ | လသာမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |

### ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၂ )

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၃၁)ဦးဇော်မိုးထက် | ၁၀/ကထန(နိုင်)<br>၀၆၇၇၀၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) ဒေါ်စန်းစန်းဝင်း | ၁၂/သဃက(နိုင်)<br>၀၁၅၅၅၉ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃)ဒေါ်ဥမ္မာအောင်(ခ)<br>ဂျာတောင် | ၁၂/ဒဂန(နိုင်)<br>၀၂၉၁၈၄ | သဃ်န်းကျွန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄)ဦးသော်တာ | ၁၂/သဃက(နိုင်)<br>၀၇၅၈၅၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၃၅)ဦးဝင်းထိန် | ၁၂/တမန(နိုင်)<br>၀၆၀၁၉၃ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၃၆)ဒေါ်မိုးသူဇာ | ၇/ပခန(နိုင်)<br>၂၄၄၀၅၈ | တောင်ဥက္ကလာပမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၃၇)ဦးဉာဏ်ထက်ခိုင် | ၁၂/ကမတ(နိုင်)<br>၀၆၄၈၃၁ | တာမွေမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |
| (၃၈)ဦးဇော်တင် | ၁၂/ဗတထ(နိုင်)<br>၀၀၉၆၉၁ | ရန်ကင်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | မြန်မာနိုင်ငံတောင်သူ<br>လယ်သမားဖွံ့ဖြိုး<br>တိုးတက်ရေးပါတီ |

### ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၃ )

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၃၉)ဦးသန့်စင်ကျော် | ၁၃/လရန(နိုင်)<br>၁၀၄၃၇၀ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀)ဦးနေလင်းထွန်း | ၁၂/ကတန(နိုင်)<br>၀၆၇၀၂၆ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁)ဦးဝင်းထွန်းနိုင်(ခ)<br>ရွှေဘော် | ၁၂/ကမန(နိုင်)<br>၀၆၆၂၁၀ | အင်းစိန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) ဒေါ်စုစုမင်း | ၁၂/ဆကခ(နိုင်)<br>၀၀၉၅၈၅ | တွံတေးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၃)ဦးသန်းဦး | ၇/သကန(နိုင်)<br>၀၀၀၀၇၈ | ဒလမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ဧရာမျိုးဆက်ကျောင်းသား<br>လူငယ်များ(ပြည်ထောင်စု<br>မြန်မာနိုင်ငံ) ပါတီ |
| (၄၄)ဦးလေးစိုး | ၁၂/ဗတထ(နိုင်)<br>၀၂၀၉၁၂ | ကော့မှူးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ဧရာမျိုးဆက်ကျောင်းသား<br>လူငယ်များ(ပြည်ထောင်စု<br>မြန်မာနိုင်ငံ) ပါတီ |
| (၄၅)ဒေါ်စန္ဒာဝင်း | ၁၂/ပဇတ(နိုင်)<br>၀၀၂၂၀၇ | ကွမ်းခြံကုန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၄၆)ဦးဝင်းကျော်ဦး | ၁၀/မလမ(နိုင်)<br>၁၄၁၃၂၉ | ဆိပ်ကြီး/ခနောင်တိုမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |

### ရန်ကုန်တိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်( ၄ )

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၄၇)ဦးမျိုးသော် | ၁၂/ဗတထ(နိုင်)<br>၀၃၂၃၇၆ | သန်လျင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈)ဦးအောင်နိုင် | ၁၂/ကကက(နိုင်)<br>၀၀၀၆၆၁ | ကိုကိုးကျွန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉)ဦးလှဝင်းမောင် | ၉/မနမ(နိုင်)<br>၀၈၉၄၂၄ | သာကေတမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀)ဦးမျိုးမြင့် | ၁၂/ကတန(နိုင်)<br>၀၁၇၀၇၃ | ကျောက်တန်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁)ဦးဗိုလ်ဗိုလ်<br>ခင်မောင်တင့် | ၁၂/မဂတ(နိုင်)<br>၀၈၆၂၀၀ | ခရမ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး<br>နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) ဦးလှငွေ | ၁၂/မဂတ(နိုင်)<br>၀၄၇၉၄၂ | သုံးခွမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၃)ဦးဝေယံပိုင် | ၁၂/သလန(နိုင်)<br>၁၂၈၃၈၄ | မင်္ဂလာတောင်ညွန့်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ပါတီ |
| (၅၄)ဦးစိုးဦး | ၁၂/လကန(နိုင်)<br>၀၃၅၄၂၈ | ဒေါပုံမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | တိုင်းရင်းသားစည်းလုံး<br>ညီညွတ်ရေးပါတီ |
| (၅၅)ဦးစိုးမြင့် | ၅/ကဘလ(နိုင်)<br>၀၉၆၈၄၀ | ပုဇွန်တောင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ပြည်သူ့ရှေ့ဆောင်ပါတီ |
| (၅၆)ဦးစိုင်းအောင်မြင့်ခိုင် | ၁၃/လခတ(နိုင်)<br>၀၀၄၆၈၉ | ဗိုလ်တထောင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ<br>ဒီမိုကရက်တစ်ပါတီ<br>(ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၃ )
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲအရေအတွက် | ကြိုတင်မဲအရေအတွက် | ခိုင်လုံမဲစုစုပေါင်း | ခိုင်လုံမဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၁ | ဒဂုံမြို့နယ် | | | ၈၀၈၇ | ၁၂၃၅ | ၉၃၂၂ | |
| | | ဒေါက်တာမေသန်းနွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၄၈ | ၁၀၆၈ | ၆၃၁၆ | ၆၇.၇၅% |
| | | ဒေါ်စိုးစိုးနှင်း | ပြည်သူ့ပါတီ | ၁၁၆၀ | ၆၅ | ၁၂၂၅ | ၁၃.၁၄% |
| | | ဦးသီဟစိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၁၈ | ၅၈ | ၉၇၆ | ၁၀.၄၇% |
| | | ဦးအောင်ကိုဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၁ | ၄၄ | ၈၀၅ | ၈.၆၄% |
| ၂ | လမ်းမတော်မြို့နယ် | | | ၇၈၄၃ | ၁၃၈၄ | ၉၂၂၇ | |
| | | ဦးညီညီသွယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၇ | ၉၆၄ | ၄၅၀၁ | ၄၈.၇၈% |
| | | ဒေါက်တာဥမ္မာကြည် | ပြည်သူ့ပါတီ | ၃၁၈၅ | ၂၈၆ | ၃၄၇၁ | ၃၇.၆၂% |
| | | ဦးတင်ဌေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၂၁ | ၁၃၄ | ၁၂၅၅ | ၁၃.၆၀% |
| ၃ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | | | ၁၄၂၆၂ | ၁၄၉၀ | ၁၅၇၅၂ | |
| | | ဒေါ်အေးအေးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၅၈ | ၁၀၀၃ | ၆၉၆၁ | ၄၄.၁၉% |
| | | ဦးနေဦး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၆၀၇ | ၁၉၉ | ၂၈၀၆ | ၁၇.၈၁% |
| | | ဒေါ်ဥမ္မာလွင် | စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၀၄၄ | ၁၀၄ | ၂၁၄၈ | ၁၃.၆၄% |
| | | ဒေါ်မြင့်မြင့်မူ | ပြည်သူ့ပါတီ | ၁၄၀၃ | ၇၈ | ၁၄၈၁ | ၉.၄၀% |
| | | ဒေါ်ပြုံးပြုံးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၅၀ | ၄၁ | ၈၉၁ | ၅.၆၆% |
| | | ဒေါ်နော်လင်းသိင်္ဂီထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၃၉ | ၄၀ | ၈၇၉ | ၅.၅၈% |
| | | ဦးသူရအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၁ | ၂၅ | ၅၈၆ | ၃.၇၂% |
| ၄ | ဒလမြို့နယ် | | | ၄၆၉၂၅ | ၈၈၃၇ | ၅၅၇၆၂ | |
| | | ဒေါ်ဆွေဆွေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၉၉ | ၇၇၄၄ | ၃၀၀၄၃ | ၅၃.၈၈% |
| | | ဦးစည်သူထွန်း | စစမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၉၂၃ | ၄၅၀ | ၁၀၃၇၃ | ၁၈.၆၀% |
| | | ဦးမင်းကိုမောင် | ပြည်သူ့ပါတီ | ၄၂၁၂ | ၁၅၂ | ၄၃၆၄ | ၇.၈၃% |
| | | ဦးဗိုလ်ဇင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၀၃ | ၂၃၆ | ၄၀၃၉ | ၇.၂၄% |
| | | ဦးနေမျိုးဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၈၈ | ၁၀၆ | ၂၈၉၄ | ၅.၁၉% |
| | | ဦးသက်ဖြိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၀ | ၉၈ | ၂၅၇၈ | ၄.၆၂% |
| | | ဦးဖြိုးငယ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၂၀ | ၅၁ | ၁၄၇၁ | ၂.၆၄% |
| ၅ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် | | | ၅၃၁၂၄ | ၂၄၄၅ | ၅၅၅၆၉ | |
| | | ဦးဖွဲ့ရန်နိုင်(ခ)ဦးကိုကိုဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၂၇ | ၁၆၉၀ | ၂၃၃၁၇ | ၄၁.၉၆% |
| | | ဦးကျော်စွာထွန်း | ပြည်သူ့ပါတီ | ၈၀၂၆ | ၁၆၁ | ၈၁၈၇ | ၁၄.၇၃% |
| | | ဒေါ်ယမင်းသက်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၂၄ | ၁၆၀ | ၆၄၈၄ | ၁၁.၆၇% |
| | | ဦးသက်ဇော်(ခ)တိုနီသက်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၁၂ | ၁၃၆ | ၅၉၄၈ | ၁၀.၇၀% |
| | | ဦးရဲမင်းဇာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၀၅၀ | ၈၈ | ၄၁၃၈ | ၇.၄၅% |
| | | ဒေါက်တာဖြူဖြူခိုင် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၃၆၈၉ | ၁၄၉ | ၃၈၃၈ | ၆.၉၁% |
| | | ဒေါ်သိမ့်အိခိုင်(ခ)မြင့်မိုရ်သွန်းခ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၆ | ၆၁ | ၃၆၅၇ | ၆.၅၈% |
| ၆ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | | | ၅၁၄၄၃ | ၃၆၂၈ | ၅၅၀၇၁ | |
| | | ဦးသိန်းကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၁၆၉ | ၂၆၅၃ | ၂၃၈၂၂ | ၄၃.၂၇% |
| | | ဦးကျော်အုံး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၃ | ၃၀၂ | ၇၇၀၅ | ၁၃.၉၉% |
| | | ဦးသူရဟန် | ပြည်သူ့ပါတီ | ၇၃၀၂ | ၁၇၉ | ၇၄၈၁ | ၁၃.၅၈% |
| | | ဒေါ်ဝေနှင်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၁၉၃ | ၁၆၉ | ၆၃၆၂ | ၁၁.၅၅% |
| | | ဒေါ်မေချောစုမွန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၄၇ | ၁၄၇ | ၄၀၉၄ | ၇.၄၃% |
| | | ဒေါ်မို့မို့ဇင်ကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၁၉ | ၁၁၂ | ၃၃၃၁ | ၆.၀၅% |
| | | ဦးစိုးညီဝင်း | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၂၂၁၀ | ၆၆ | ၂၂၇၆ | ၄.၁၃% |
| ၇ | မင်္ဂလာတောင်ညွန့်မြို့နယ် | | | ၃၀၀၉၃ | ၁၈၉၂ | ၃၁၉၈၅ | |
| | | ဦးတင်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၅၁၀ | ၁၂၆၇ | ၁၄၇၇၇ | ၄၆.၂၀% |
| | | ဦးဌေးမြင့် | ပြည်သူ့ပါတီ | ၈၈၈၀ | ၃၁၁ | ၉၁၉၁ | ၂၈.၇၄% |
| | | ဒေါ်အေးအေးမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၄၂ | ၁၇၇ | ၄၈၁၉ | ၁၅.၀၆% |
| | | ဦးအောင်ခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၁ | ၁၃၇ | ၃၁၉၈ | ၁၀.၀၀% |
| ၈ | သာကေတမြို့နယ် | | | ၅၇၉၄၈ | ၄၄၆၅ | ၆၂၄၁၃ | |
| | | ဦးဌေးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၅၃ | ၃၁၉၂ | ၂၅၄၄၅ | ၄၀.၇၇% |
| | | ဦးလှဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၄၁ | ၃၇၁ | ၈၈၁၂ | ၁၄.၁၂% |
| | | ဦးတင်ထွန်းဝင်း | တစ်သီးပုဂ္ဂလ | ၇၉၈၈ | ၃၄၉ | ၈၃၃၇ | ၁၃.၃၆% |
| | | ဦးသောင်းထိုက် | ပြည်သူ့ပါတီ | ၇၅၉၈ | ၂၁၂ | ၇၈၁၀ | ၁၂.၅၁% |
| | | ဦးကျော်မျိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၄၈၀ | ၁၅၆ | ၆၆၃၆ | ၁၀.၆၃% |
| | | ဒေါ်သဲစုအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈၈ | ၁၈၅ | ၅၃၇၃ | ၈.၆၁% |

စာမျက်နှာ ၂၀ သို့


## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၁၉ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | မြောက်ဥက္ကလာပမြို့နယ် | | | ၇၅၉၈၆ | ၆၀၀၁ | ၈၁၉၈၇ | |
| | | ဒေါ်ဝင်းဝင်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၂၁၄ | ၃၁၇၇ | ၂၆၃၉၁ | ၃၂.၁၈% |
| | | ဦးသန်းထွဋ် | တစ်သီးပုဂ္ဂလ | ၁၁၁၇၀ | ၁၁၀၁ | ၁၂၂၇၁ | ၁၄.၉၇% |
| | | ဦးဝေဖြိုးအောင် | ပြည်သူ့ပါတီ | ၁၀၅၀၀ | ၃၆၁ | ၁၀၈၆၁ | ၁၃.၂၅% |
| | | ဒေါ်ရင်ရင်နု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၆၇၃ | ၅၀၅ | ၉၁၇၈ | ၁၁.၁၉% |
| | | ဒေါ်ဝင်းဂျူလိုင်နွေး | တစ်သီးပုဂ္ဂလ | ၇၇၁၁ | ၃၂၀ | ၈၀၃၁ | ၉.၈၀% |
| | | ဦးထွန်းထွန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၄၃ | ၂၅၅ | ၇၄၉၈ | ၉.၁၅% |
| | | ဦးသန်းထိုက်ဦး | တစ်သီးပုဂ္ဂလ | ၄၂၄၈ | ၁၈၈ | ၄၄၃၆ | ၅.၄၁% |
| | | ဦးသန့်ဇင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၂၇ | ၉၄ | ၃၃၂၁ | ၄.၀၅% |
| ၁၀ | တာမွေမြို့နယ် | | | ၂၈၉၉၅ | ၂၄၈၄ | ၃၁၄၇၉ | |
| | | ဒေါက်တာထူးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၄၀ | ၁၇၁၈ | ၁၃၈၅၈ | ၄၄.၀၂% |
| | | ဦးထွန်းထွန်းဦး | ပြည်သူ့ပါတီ | ၄၂၃၅ | ၂၀၃ | ၄၄၃၈ | ၁၄.၁၀% |
| | | ဒေါ်ဖြူဖြူညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၁၉၀ | ၂၃၉ | ၄၄၂၉ | ၁၄.၀၇% |
| | | ဦးကျော်မိုးဟန် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၅၉ | ၉၈ | ၃၀၅၇ | ၉.၇၁% |
| | | ဒေါ်အေးအေးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၆၈ | ၉၃ | ၂၂၆၁ | ၇.၁၈% |
| | | ဒေါ်အေးငွေကျော်စွာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၉၆ | ၇၄ | ၁၈၇၀ | ၅.၉၄% |
| | | ဦးမောင်မောင်သန့်ဇော် | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၁၅၀၇ | ၅၉ | ၁၅၆၆ | ၄.၉၈% |
| ၁၁ | ရန်ကင်းမြို့နယ် | | | ၂၀၄၀၄ | ၁၅၀၃ | ၂၁၉၀၇ | |
| | | ဦးချစ်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၄၈ | ၇၄၆ | ၇၆၉၄ | ၃၅.၁၂% |
| | | ဦးမောင်မောင်လွင် | တစ်သီးပုဂ္ဂလ | ၆၃၂၀ | ၄၇၉ | ၆၇၉၉ | ၃၁.၀၄% |
| | | ဒေါ်နွယ်နွယ်ဝင်း | ပြည်သူ့ပါတီ | ၂၃၈၀ | ၇၅ | ၂၄၅၅ | ၁၁.၂၁% |
| | | ဦးမင်းသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၅၃ | ၁၁၂ | ၂၁၆၅ | ၉.၈၈% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၄၉၀ | ၃၈ | ၁၅၂၈ | ၆.၉၇% |
| | | ဒေါ်နေရီသန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၁၃ | ၅၃ | ၁၂၆၆ | ၅.၇၈% |
| ၁၂ | ကျောက်တန်းမြို့နယ် | | | ၈၇၃၀၂ | ၁၀၅၀၅ | ၉၇၈၀၇ | |
| | | ဒေါ်အေးမင်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၉၃၁ | ၇၇၂၈ | ၄၄၆၅၉ | ၄၅.၆၆% |
| | | ဦးဆန်းလွင် | ပြည်သူ့ပါတီ | ၁၂၁၃၃ | ၇၁၄ | ၁၂၈၄၇ | ၁၃.၁၄% |
| | | ဦးကျော်စွာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၂၀၄ | ၄၈၉ | ၁၂၆၉၃ | ၁၂.၉၈% |
| | | ဒေါ်သက်သက်ခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၂၁ | ၇၆၅ | ၁၁၈၈၆ | ၁၂.၁၅% |
| | | ဦးခင်မောင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၅၉၂ | ၅၆၈ | ၁၁၁၆၀ | ၁၁.၄၁% |
| | | ဦးပိုင်သူဟိန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၂၁ | ၂၄၁ | ၄၅၆၂ | ၄.၆၆% |
| ၁၃ | ခရမ်းမြို့နယ် | | | ၈၅၀၁၉ | ၈၄၇၂ | ၉၃၄၉၁ | |
| | | ဦးအေးသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၃၇၆ | ၆၅၄၀ | ၄၅၉၁၆ | ၄၉.၁၂% |
| | | ဦးတင်ဇော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၈၈ | ၁၀၃၃ | ၁၉၈၂၁ | ၂၁.၂၀% |
| | | ဦးနိုင်ဝင်းကျော် | ပြည်သူ့ပါတီ | ၁၂၆၄၁ | ၄၃၉ | ၁၃၀၈၀ | ၁၃.၉၉% |
| | | ဦးနိုင်ထွန်းလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၄၇ | ၂၂၃ | ၇၆၇၀ | ၈.၂၀% |
| | | ဦးနေလင်းထွန်း | တစ်သီးပုဂ္ဂလ | ၆၇၆၇ | ၂၃၇ | ၇၀၀၄ | ၇.၄၉% |
| ၁၄ | သုံးခွမြို့နယ် | | | ၈၇၈၈၄ | ၅၉၅၃ | ၉၃၈၃၇ | |
| | | ဒေါ်ခင်မြတ်စု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၁၇၁ | ၄၂၆၆ | ၃၉၄၃၇ | ၄၂.၀၃% |
| | | ဦးကျော်သူရ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၄၆ | ၈၉၅ | ၂၂၉၄၁ | ၂၄.၄၅% |
| | | ဦးဇင်မိုး | ပြည်သူ့ပါတီ | ၁၁၉၃၈ | ၃၀၂ | ၁၂၂၄၀ | ၁၃.၀၄% |
| | | ဦးထက်အာကာဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၅၃ | ၂၀၇ | ၇၃၆၀ | ၇.၈၄% |
| | | ဦးသန့်ဇင်ထွန်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၉၄၅ | ၁၆၂ | ၆၁၀၇ | ၆.၅၁% |
| | | ဦးမောင်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၁ | ၁၂၁ | ၅၇၅၂ | ၆.၁၃% |
| ၁၅ | စမ်းချောင်းမြို့နယ် | | | ၁၆၉၄၂ | ၂၆၃၇ | ၁၉၅၇၉ | |
| | | ဦးမျိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၃၅၂ | ၁၇၂၅ | ၈၀၇၇ | ၄၁.၂၆% |
| | | ဒေါ်မေခိုင်ဦး | ပြည်သူ့ပါတီ | ၃၈၂၉ | ၂၉၁ | ၄၁၂၀ | ၂၁.၀၄% |
| | | ဦးတင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၆၀၃ | ၂၅၅ | ၂၈၅၈ | ၁၄.၆၀% |
| | | ဦးမောင်မောင်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၁၃၇ | ၂၀၉ | ၂၃၄၆ | ၁၁.၉၈% |
| | | ဦးသန်းထွဋ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၂၁ | ၁၅၇ | ၂၁၇၈ | ၁၁.၁၂% |
| ၁၆ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | | | ၄၉၇၂၂ | ၄၆၉၂ | ၅၄၄၁၄ | |
| | | ဦးမင်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၄၈၀ | ၃၃၀၈ | ၁၉၇၈၈ | ၃၆.၃၇% |
| | | ဦးထက်ဝေယံ | စေမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၁၀၀၁၉ | ၄၇၆ | ၁၀၄၉၅ | ၁၉.၂၉% |
| | | ဦးမြင့်ဇော် | ပြည်သူ့ပါတီ | ၄၆၆၈ | ၁၆၇ | ၄၈၃၅ | ၈.၈၉% |
| | | ဒေါ်နွယ်နွယ်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၃၆ | ၁၆၃ | ၄၀၉၉ | ၇.၅၃% |
| | | ဦးနေလင်းဦး | တစ်သီးပုဂ္ဂလ | ၃၆၈၄ | ၁၃၂ | ၃၈၁၆ | ၇.၀၁% |
| | | ဦးမျိုးမျိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၉၅ | ၁၅၈ | ၃၇၅၃ | ၆.၉၀% |
| | | ဦးကြည်ရွှင် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၆၃ | ၁၅၈ | ၃၅၂၁ | ၆.၄၇% |
| | | ဦးမင်းထက်နိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၅၁၉ | ၇၁ | ၂၅၉၀ | ၄.၇၆% |
| | | ဦးဇော်ဇော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၅၈ | ၅၉ | ၁၅၁၇ | ၂.၇၈% |
| ၁၇ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | | | ၄၁၇၂၅ | ၂၅၆၅ | ၄၄၂၉၀ | |
| | | ဦးကြည်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၁၀၇ | ၁၈၀၃ | ၁၈၉၁၀ | ၄၂.၇၂% |
| | | ဦးစိုးထိုက် | စေမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၇၁၄၀ | ၂၀၂ | ၇၃၄၂ | ၁၆.၅၈% |
| | | ဒေါ်သိင်္ဂီ | ပြည်သူ့ပါတီ | ၃၈၃၃ | ၉၃ | ၃၉၂၆ | ၈.၈၆% |
| | | ဦးထက်ဝေယံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၇၈ | ၁၈၀ | ၃၈၅၈ | ၈.၇၁% |
| | | ဒေါ်တင်မာဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၈၁ | ၇၉ | ၂၉၆၀ | ၆.၆၈% |
| | | ဒေါ်ငွေးငွေးမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၇၉၈ | ၇၉ | ၂၈၇၇ | ၆.၅၀% |
| | | ဦးသက်ထွေးဇော် | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၃၆ | ၇၄ | ၂၇၁၀ | ၆.၁၂% |
| | | ဦးတင်ထွန်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၆၅၂ | ၄၅ | ၁၆၉၇ | ၃.၈၃% |

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)

### တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၂၆၀၉၄၆ / ၁၃ = ၂၀၀၇၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၂၆၀၉၄၆ | ၉ | | ၄ | ၁၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၆၅ | ၅ | ၁၁၉၀၅ | ၁ | ၆ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၁၂၄၆ | ၂ | ၁၁၁၀၂ | - | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၇၉၃၉ | ၁ | ၁၇၈၆၇ | ၁ | ၂ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၂၉၇၈ | ၁ | ၁၂၉၀၆ | ၁ | ၂ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၂၄၄ | - | ၁၉၂၄၄ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၂၇၄ | - | ၇၂၇၄ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် ကမာရွတ်၊ ကျောက်တံတား၊ မရမ်းကုန်း၊ အလုံ၊ ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ လှိုင်၊ ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံ၊ လမ်းမတော်၊ မြောက်ဥက္ကလာပ၊ စမ်းချောင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

### တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၄၈၂၈၅ / ၈ = ၄၃၅၃၅

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၃၄၈၂၈၅ | ၅ | | ၃ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၆၄၅၅ | ၃ | ၁၅၈၅၀ | - | ၃ | |
| | | ၂။ | ပြည်သူ့ပါတီ | ၅၅၇၁၀ | ၁ | ၁၂၁၇၅ | - | ၁ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၇၄၇၀ | ၁ | ၃၉၃၅ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၇၁၂ | - | ၃၉၇၁၂ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၀၁၀ | - | ၂၇၀၁၀ | ၁ | ၁ | |
| | | ၆။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၄၈ | - | ၂၄၂၄၈ | ၁ | ၁ | |
| | | ၇။ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၇၆၈၀ | - | ၇၆၈၀ | - | - | |

ရှင်းလင်းချက်။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သဃ်န်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တာမွေ၊ ရန်ကင်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

### တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၇၄၉၂၈ / ၈ = ၅၉၃၆၆

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၄၇၄၉၂၈ | ၄ | | ၄ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၄၈၇ | ၃ | ၂၉၃၈၉ | ၁ | ၄ | |
| | | ၂။ | စေမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၉၂၂၂၇ | ၁ | ၃၂၈၆၁ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ပါတီ | ၄၂၁၃၅ | - | ၄၂၁၃၅ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၅၃၉ | - | ၃၆၅၃၉ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၃၅၀ | - | ၂၇၃၅၀ | - | - | |
| | | ၆။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၆၈၉၀ | - | ၂၆၈၉၀ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၁၂၂၆ | - | ၂၁၂၂၆ | - | - | |
| | | ၈။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၈၃၃ | - | ၁၁၈၃၃ | - | - | |
| | | ၉။ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၂၄၁ | - | ၉၂၄၁ | - | - | |

ရှင်းလင်းချက်။ ( ၁ )၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ အင်းစိန်မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ လှိုင်သာယာ(အနောက်ပိုင်း)၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

## တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၅၂၄၉၇၇ / ၁၀ = ၅၂၄၉၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၄) | | | ၅၂၄၉၇၇ | ၇ | | ၃ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇၄၄၀ | ၄ | ၃၇၄၅၂ | ၁ | ၅ | |
| | | ၂။ | ပြည်သူ့ပါတီ | ၈၂၂၇၂ | ၁ | ၂၉၇၇၅ | ၁ | ၂ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၆၆၀ | ၁ | ၁၄၁၆၃ | - | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၀၀၆၈ | ၁ | ၇၅၇၁ | - | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၆၅၂ | - | ၄၃၆၅၂ | ၁ | ၁ | |
| | | ၆။ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၃၂၃ | - | ၂၀၃၂၃ | - | - | |
| | | ၇။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၅၆၂ | - | ၄၅၆၂ | - | - | |

ရှင်းလင်းချက်။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ဗိုလ်တထောင်၊ သန်လျင်၊ ဒေါပုံ၊ ပုဇွန်တောင်၊ ကိုကိုးကျွန်း မြို့နယ်မဲဆန္ဒနယ်များနှင့် ၁-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၈/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ထားခြင်းဖြစ်ပါသည်။

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော ၁၁ နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်းရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ ရှစ်နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ် လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန် နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ၊ ထောက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များကို လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ၊ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များကို ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ခ) **အသစ်တည်ဆောက်မည့်အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)ထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသောမြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင် အလွယ်တကူကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ သုံးပုံ နှစ်ပုံထိမြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်ကို ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျတပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့် တစ်ချပ် လေးလက်မခန့်ခြား၍ နီးဖြင့် ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးထိ တစ်ခုနှင့် တစ်ခု တစ်ဆက်တစ်စပ်တည်းစနစ်တကျချိတ်ဆက်ထားပါ။နေအိမ်၏ တိုင်၊ ရက်မနှင့် ဆင့်များကို မူလီဖြင့် သေချာစွာတွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများထည့်၍အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များကို တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ သို့မဟုတ် ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ပထမ ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၃၆ ဒီဂရီဖာရင်ဟိုက်မှ ၄၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၇ ဒီဂရီဖာရင်ဟိုက်မှ ၅၇ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၃ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၂၀ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃၀ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ (မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




☆ **ကျောဖုံးမှအဆက်**

လက်လီ၊လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G & G စတဲ့ ဆိုင်တွေမှာ ရောင်းချနိုင်ဖို့အတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှု ပြခန်းကနေတစ်ဆင့် မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာဖြစ်ပါတယ်”ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက ပြောကြားသည်။

MSME လုပ်ငန်းရှင်များအနေဖြင့် ပြပွဲမှတစ်ဆင့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်တစ်ဦးဖြစ်စေမည့်လုပ်ငန်းစဉ်များ၊ သီလဝါ SEZ ၏ Promotion Zone အတွင်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ လက်လီ၊ လက်ကားရောင်းချသူများနှင့် အချင်းချင်းချိတ်ဆက်နိုင်မည့်လုပ်ငန်းစဉ်များ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အချိတ်အဆက်များရရှိစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တွင် ဝန်ကြီးဌာန ကိုးခုက MSME လုပ်ငန်းရှင်များအတွက် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာလုပ်ငန်းရှင်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေး လိုအပ်သည့် Certificate ရရှိရေးနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များစွာပါဝင်ပြသနိုင်ရေးနှင့် Online E-Commerce Platform မှတစ်ဆင့် MSME ထုတ်ကုန်များကို နိုင်ငံတကာဝယ်လက်များသို့ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြပွဲအတွင်း ပြည်ပဈေးကွက်ချိတ်ဆက်မှုအနေဖြင့် MSME လုပ်ငန်းရှင်များက ပြည်ပသို့တင်ပို့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေရရှိရေး၊ စီးပွားရေးသံမှူးများနှင့် ချိတ်ဆက်၍ အသိပညာမျှဝေပေးနိုင်ရန် အတွက်လည်းကောင်း၊ ရင်းနှီးမတည်ငွေရရှိရေး ချိတ်ဆက်မှုအနေဖြင့် ပုဂ္ဂလိကဘဏ်များမှ ဘဏ်ချေးငွေရရှိရေး၊ ဘဏ်များ၏ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိနိုင်ရန် အတွက်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်ဖြစ်လိုသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ဆောင်ရွက်နိုင်ရေးအတွက် ပြပွဲကာလအတွင်း လုပ်ငန်း၊ စီးပွားချိတ်ဆက်မှုပြခန်းတွင် သက်ဆိုင်ရာကဏ္ဍအလိုက် လာရောက်လေ့လာခြင်း၊ ဆွေးနွေးခြင်းဆောင်ရွက်နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ **ချန်ပီယံဆုဆွတ်ခူးမှ**

အကောင်းဆုံးပုံစံဖြင့် အခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သက်သေပြသွားခဲ့သည်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ကြီးကြီးမားမားအောင်ပွဲခံမှုမပြုလုပ်ခဲ့ဘဲ ပရိသတ်များနှင့် တာဝန်ရှိသူများကို လိုက်လံနှုတ်ဆက်ရုံဖြင့်သာ အောင်ပွဲခံခဲ့သည့်အတွက် မီဒီယာများက ရိုင်ဘာကီနာကို လေးစားမှုအပြည့်ရှိသူအဖြစ် ချီးကျူးရေးသားခဲ့ကြသည်။

အသက် ၂၆ နှစ်ရှိ ရိုင်ဘာကီနာက “ကျွန်မရဲ့ နှလုံးခုန်နှုန်းတွေ သိပ်ကို မြန်ဆန်နေပါတယ်။ အောင်မြင်မှုအတွက် မျက်နှာမှာ မဖော်ပြခဲ့ပေမယ့်လဲ ကျွန်မအနေနဲ့ ဒီအောင်မြင်မှုအတွက် ဘယ်လောက်ထိ စိတ်လှုပ်ရှားနေလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါပဲ။ ခက်ခဲတဲ့အခြေအနေတွေကို အကောင်းဆုံးအနေအထားနဲ့ ကျော်ဖြတ်နိုင်ပြီလို့လဲ စိတ်ထဲမှာခံစားမိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref: AOL
Trs:AZL

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ၆၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲအခမ်းအနားကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ၆၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော် ဗုဒ္ဓဝင်ဗိမာန်ကွင်းတွင် ကျင်းပရာ တောင်ထီးလင်းတိုက်၊ သဲကုန်းကျောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ် ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌအမှူးပြုပြီး ပင့်ဖိတ်ထားသည့် သံဃာတော်များကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မဟာမုနိရုပ်ရှင်တော်မြတ်ရေတော်ဆရာတော်ကြီး အမှူးပြုပြီး လေးပြင်လေးရပ်မှ ပင့်သံဃာအပါး ၁၁၀၀ တို့အား ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ လှူဖွယ်ပစ္စည်းများနှင့် စာရေးတံမဲများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက အလှူရှင်များနှင့်အတူ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မန်အောင်မြို့ မြို့မဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအား ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် မာန်အောင်မြို့ မြို့မဘုန်းတော်ကြီးကျောင်း၌အခြေပြု၍ အဆိုပါကျောင်းတိုက်ရှိ သံဃာတော် အပါး ၃၀ တို့ကို အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်နေမှုကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ကြည့်ရှုအားပေးစဉ်။

# အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၄-၂၀၂၅ ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲ ကျင်းပပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မင်္ဂလာဒုံ(အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၄-၂၀၂၅ ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အောင်ဆန်းသူရိယလှသောင်းကျောင်းခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ပညာရေးမှူးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆို၍ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ဆုပေးပွဲဆက်လက်ပြုလုပ်ရာ ဘက်စုံထူးချွန်လူရည်ချွန်ဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်းအောင်ချက်အကောင်းဆုံး သုံးကြိမ်ဆက်တိုက်ရရှိအောင် သင်ကြားပို့ချပေးသော Grade 12 သင် ဆရာ၊ ဆရာမများကိုယ်စား ဆရာမကြီးတစ်ဦးနှင့် ထိုင်းနိုင်ငံ မဟာချက်ကရီ သီရိဒုံမင်းသမီး၏ အာဆီယံဆိုင်ရာ ဆရာထူးချွန်ဆုရှိသူ ဆရာမ တစ်ဦး၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆုရကျောင်းသားတစ်ဦးကို ဆုချီးမြှင့်ပေးအပ်စဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၁ ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက်စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၁ ကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်၊ ဘောလုံးကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများကို ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။



# အဇာဘိုင်ဂျန်နိုင်ငံ ဟာဂျီကာဘူလ်ခရိုင်တွင် မက်မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ချော်ရည်များနှင့်မီးခိုးငွေ့များ အနီးပတ်ဝန်းကျင်သို့ ပျံ့နှံ့နေ



**ဘာကူး ဖေဖော်ဝါရီ ၁**

အဇာဘိုင်ဂျန်နိုင်ငံ ဟာဂျီကာဘူလ်ခရိုင်တွင်ရှိသည့် မက်မီးတောင်သည် ဇန်နဝါရီ ၃၁ ရက်က ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ချော်ရည်များနှင့် မီးခိုးငွေ့များ အနီးပတ်ဝန်းကျင်သို့ ပျံ့နှံ့နေကြောင်း Azerbaijan National Academy of Sciences က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မက်မီးတောင်သည် ဇန်နဝါရီ ၃၁ ရက်တွင် ပေါက်ကွဲမှုစတင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး Dynamics of Earthquake Foci ဌာနက စောင့်ကြည့်နေပြီး ရရှိလာသည့် အချက်အလက်များကို အများပြည်သူ သိရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေကြောင်း၊ မီးတောင်အနီးပတ်ဝန်းကျင်ရှိ ဒေသခံများကို အထူးသတိပြုရန်နှင့် လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ဟာဂျီကာဘူလ်ခရိုင် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မက်မီးတောင်ဟာ ဇန်နဝါရီ ၃၁ ရက်က ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲချိန်ဟာ ၁၃ မိနစ်လောက် ထိကြာမြင့်ခဲ့ပြီး မီးတောင်အတွင်းကနေ ချော်ရည်တွေ၊ မီးခိုးငွေ့တွေ ပျံ့နှံ့နေပါတယ်။ မီးတောင်အနီးပတ်ဝန်းကျင်မှာနေထိုင်တဲ့ ဒေသခံတွေအနေနဲ့လဲ မီးတောင်နဲ့ပတ်သက်ပြီး သတင်းအချက်တွေ ထုတ်ပြန်ပေးနေတာကို စောင့်ကြည့်သွားဖို့ သတိပေးလိုပါတယ်"ဟု Azerbaijan National Academy of Sciences မှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဖင်လန်နိုင်ငံ၌ လေထုအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများတွေ့ရှိခဲ့ကြောင်း ထုတ်ပြန်

**ဟယ်လ်ဆင်ကီး ဖေဖော်ဝါရီ ၁**

ဖင်လန်နိုင်ငံ၌ လေထုအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများ တွေ့ရှိခဲ့ကြောင်း ဖင်လန်နိုင်ငံ ရေဒီယိုသတ္တိကြွနှင့် နျူကလီးယားဘေးကင်းရေးအဖွဲ့(STUK)က ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဖင်လန်နိုင်ငံ၏ ဒေသတချို့ရှိ လေထုအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း၊ သို့သော် လေထုအတွင်းတွေ့ရှိခဲ့သည့် ရေဒီယိုသတ္တိကြွပစ္စည်း ပမာဏသည် လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိကြောင်း သိရသည်။

STUK ၏ ထုတ်ပြန်ချက်အရ ဇန်နဝါရီလ ဒုတိယပတ်မှ တတိယပတ်အတွင်း နိုင်ငံ၏မြောက်ပိုင်းရှိ Rovaniemi၊ အရှေ့ပိုင်းရှိ Kuopio နှင့် Imatra တို့မှ စုဆောင်းရရှိသော လေထုအတွင်း၌ရှိသည့်အမှုန်နမူနာများတွင် ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်နေသည်ကိုတွေ့ရှိခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ လေထုအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်မှုကို စစ်ဆေးရန်အတွက် STUK သည် လေနမူနာစမ်းသပ်သည့် စခန်းရှစ်ခုတွင် နိုင်ငံတစ်ဝန်း လေပမာဏများစွာကိုစုပ်ယူကာ အမှုန်များကို စစ်ထုတ်ပြီး အသေးစိတ်ခွဲခြမ်းစိတ်ဖြာခဲ့ကြောင်း၊ အဆိုပါ ရေဒီယိုသတ္တိကြွ ပစ္စည်းများမှာ နျူကလီးယား ဓာတ်အားပေးစက်ရုံများ ပုံမှန်လည်ပတ်စဉ် သို့မဟုတ် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွင်း လေထုထဲသို့ ထုတ်လွှတ်နိုင်သည့် ပစ္စည်းများဖြစ်ကြောင်း၊ သို့သော် ယခုတွေ့ရှိမှုသည် ဖင်လန်နိုင်ငံအတွင်းရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံများမှ ထွက်ပေါ်လာခြင်း မဟုတ်ကြောင်း STUK မှ တာဝန်ရှိသူများက စစ်ဆေးအတည်ပြုခဲ့သည်။

Ref : Sputnik News

Trs : KZ

# ဂျပန်နိုင်ငံတစ်ဝန်း နှင်းထူထပ်စွာကျဆင်းမှုကြောင့် လူ ၂၈ ဦး သေဆုံးပြီး ဦးရေ ၃၀၀ ခန့် ဒဏ်ရာရရှိခဲ့

**တိုကျို ဖေဖော်ဝါရီ ၁**

ဂျပန်နိုင်ငံတစ်ဝန်း နှင်းထူထပ်စွာကျဆင်းမှုကြောင့် လူ ၂၈ ဦး သေဆုံးပြီး လူဦးရေ ၃၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်ဟု ဂျပန်မီးသတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံတစ်ဝန်း မကြာသေးမီရက်များအတွင်း နှင်းများ ထူထပ်စွာကျဆင်းခဲ့ပြီး လူအများ၏နေ့စဉ်ဘဝနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများကို ပြင်းထန်စွာ ထိခိုက်စေခဲ့ကြောင်း သိရသည်။

သေဆုံးသူအများစုမှာ အိမ်ခေါင်မိုးများပေါ်ရှိ နှင်းများကို ရှင်းလင်းစဉ် ပြုတ်ကျခြင်း၊ အအေးဒဏ်ကြောင့် ရုတ်တရက်သေဆုံးရခြင်းနှင့် နှင်းများ ပိမိခြင်းတို့ကြောင့်ဖြစ်ပြီး သေဆုံးသူများမှာ နီဂါတာ၊ အကီတာ၊ ဟော့ကိုင်းဒိုး၊ အာအိုမိုရီ၊ ယာမာဂါတာနှင့် ရှီမာနဲစီရင်စုများမှဖြစ်သည်။

နှင်းထူထပ်စွာ ကျဆင်းမှုကြောင့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများတွင်လည်း အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ ရထားခရီးစဉ် ၁၄၀၀ ကျော်ကို ရပ်ဆိုင်းခဲ့ရပြီး ခရီးသည် ၄၁၄၀၀၀ ခန့်၏ သွားလာရေးအခက်အခဲများ ဖြစ်ပေါ်နေကြောင်း၊ ထို့ပြင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။



ဂျပန် မိုးလေဝသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ နှင်းထူထပ်စွာကျဆင်းခဲ့သည့်ဒေသများမှာ ဂျပန်မြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ ဂျပန်ပင်လယ်ဘက်ခြမ်းဒေသများဖြစ်ကြောင်း၊ လာမည့် တစ်ပတ်ထိ နှင်းကျဆင်းမှု ဆက်လက်ဖြစ်ပွားနိုင်ကြောင်း သတိပေးခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှုများ၊နှင်းထုပြိုကျမှုများနှင့် နှင်းရှင်းလင်းရေးလုပ်ငန်းအတွင်းမတော်တဆမှုများကိုအထူးသတိထားရန် အာဏာပိုင်များက ပြည်သူများကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အိန္ဒိယနိုင်ငံတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသော ဒေသများအတွက် မိုးခေါင်မှု တိုက်ဖျက်ရေးအစီအစဉ် အကောင်အထည်ဖော်မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁**

အိန္ဒိယနိုင်ငံတွင် မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသော ဒေသများအတွက် မိုးခေါင်မှုတိုက်ဖျက်ရေးအစီစဉ်များကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ မိုးခေါင်မှုတိုက်ဖျက်ရေးအစီစဉ်ကို အိုဒီရှာပြည်နယ်တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အိုဒီရှာပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်သည့် ပြည်နယ်ဖြစ်ပြီး မိုးခေါင်မှုပြဿနာသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ကြီးမားသည့် ပြဿနာတစ်ရပ် ဖြစ်ကြောင်း၊ ထို့ကြောင့် Odisha Agriculture Drought Mitigation Programme (OAD-MP) က ဦးဆောင်၍ မိုးခေါင်မှုတိုက်ဖျက်ရေးအစီစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း National Disaster Mitigation Fund (NDMF) က ထုတ်ပြန်ခဲ့သည်။

"နေရာတော်တော်များများမှာ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်မှုပြဿနာကို တိုက်ဖျက်ဖို့အတွက် စတင်အကောင်အထည် ဖော်တော့မှာဖြစ်ပါတယ်။ အိုဒီရှာပြည်နယ်မှာ စတင်သွားမယ်။ ဒီအစီစဉ်ကိုလဲ Odisha Agriculture Drought Mitigation Programme (OAD-MP) က ဦးဆောင်ပြီးတော့ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဒီအစီစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရင် ပြည်သူတွေအတွက် တော်တော်လေးကို အကျိုးရှိမှာလဲ ဖြစ်ပါတယ်။ ခန့်မှန်း အိမ်ထောင်စုပေါင်း ၂၄၀၀၀ ကျော်ကို အကျိုးအမြတ်ဖြစ်ထွန်းစေနိုင်မှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့လဲ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ပေးသွားမှာလဲ ဖြစ်ပါတယ်။ သုတေသီတွေနဲ့ သချာသုတေသနပြုလုပ်ပြီးတော့ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု National Disaster Mitigation Fund (NDMF) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းတွင် မိုးရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေ

**အော့တဝါ ဖေဖော်ဝါရီ ၁**

ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန် မြင့်မားသည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပေါ်ကာ ရေဘေးအန္တရာယ်ကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေရကြောင်း ဗန်ကိုဗားကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၃၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် ဧရိယာမှာ ကိုမော့ဇ်ချိုင့်ဝှမ်းဖြစ်ပြီး ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဘေးလွတ်ရာရွှေ့ပြောင်းပေးနေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုအပြင် ဆီးနှင်းများ အရည်ပျော်ကျသည့်အတွက် ရေကြီးရေလျှံမှု အခြေအနေ ဆိုးရွားခဲ့ခြင်းဖြစ်သည်ဟု Canada Environment က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဗန်ကိုဗားကျွန်းရဲ့ နေရာတော်တော်များများမှာ ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပါတယ်။ ကိုမော့ဇ်ချိုင့်ဝှမ်းမှာ ရေဘေးအန္တရာယ်ကြောင့် ဒေသခံတော်တော်များများကိုဘေးလွတ်ရာရွှေ့ပြောင်းပေးထားရပြီး ဗန်ကိုဗားကျွန်းကိုလဲရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ ဒိုဗီခရိန်မြစ်၊ တိုလမ်မြစ်နဲ့ကော်တီနေမြစ်တွေမှာ မြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေတဲ့အတွက် ဒီမြစ်တွေနဲ့ နီးကပ်တဲ့ ဧရိယာတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့်ရေကြီးရေလျှံမှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်" ဟု Canada Environment မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# လက်ဖက်ရည်နှင့် လက်ဖက်ရည်သောက်သုံးခြင်းဓလေ့

## ကိုဇော်ဌေး(ယဉ်ကျေးမှု)

ရှေးနှစ်ပေါင်းများစွာက တရုတ်နိုင်ငံတွင် ဘာသာရေးဘက်၌ ကိုင်းရှိုင်းလှသည့် ဗုဒ္ဓဝါဒီ တစ်ဦးရှိလေသည်။ ထိုသူသည် ကိုးနှစ်တိုင်တိုင် မအိပ်ဘဲ တရားအားထုတ်မည်ဟု အဓိဋ္ဌာန်ပြုကာ မအိပ်ဘဲ တရားအားထုတ်လေသည်။ သုံးနှစ်ကြာ သောအခါ ရုတ်တရက်အိပ်ပျော်သွားမိသည်။ နိုးလာ သောအခါ ဤမျှ ညံ့ဖျင်းရမည်လားဟု မိမိကိုယ်ကို ဆုံးမသည့်အနေဖြင့် သူ၏မျက်ခွံများကို လှီးဖြတ်ပြီး လျှင် လွှင့်ပစ်လိုက်ရာ မျက်ခွံများကျရာနေရာ၌ မြေတွင် အမြစ်တွယ်၍ အပင်ကလေးတစ်ပင်ပေါက် လာသည်။ ထိုအပင်ကား ကမ္ဘာတွင် ပထမဆုံးပေါက် လာသည့် လက်ဖက်ပင် ပင်ဖြစ်တော့သည်ဟု တရုတ်တို့၏ ရှေးဟောင်းဒဏ္ဍာရီတစ်ခုရှိသည်။

လက်ဖက်ပင်ကို တရုတ်နိုင်ငံက စတင်ခဲ့ခြင်း ကြောင့် ဤဒဏ္ဍာရီပေါ်ပေါက်လာခြင်းလည်းဖြစ် နိုင်သည်။ လက်ဖက်ပင်သည် တရုတ်နိုင်ငံမှတစ်ဆင့် ဂျပန်နိုင်ငံသို့ရောက်ခဲ့သည်။ ထို့နောက် ဗြိတိသျှ လူမျိုးတို့သည် လက်ဖက်ပင်ကို အိန္ဒိယနိုင်ငံတွင် စတင်စိုက်ပျိုးခဲ့ကြသည်။

ယခုအခါ လက်ဖက်ပင်များကို အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ဆူမတြားကျွန်း၊ ဂျာဗားကျွန်းတို့မှ အမြောက်အမြားရရှိနေသည်။ လက်ဖက်ပင်သည် နွေး၍ မြေဩဇာကောင်းသော နိုင်ငံများတွင်ပေါက် နိုင်သောကြောင့် ယခုအခါ အမေရိကန်နိုင်ငံတွင်ပင် စိုက်ပျိုးနေကြပြီဖြစ်သည်။

လက်ဖက်ရည်သည် တရုတ်လူမျိုးတို့၏ "ချ" (Cha) ဟူသော ဝေါဟာရပင်ဖြစ်သည်။ "ချ" မှာ အဖြူရောင်အပွင့်ရှိသော အပင်စိမ်းဖြစ်သည်။ ဂျပန်နှင့် ဖိလစ်ပိုင်တို့တွင်လည်း အပင်၏အမည် နာမကိုအစွဲပြု၍ "ချ" ဟုခေါ်ကြသည်။ ကိုရီးယား တို့ကလည်း "ချ" ဟု သုံးစွဲကြသည်။ ဗီယက်နမ် လူမျိုးတို့က တရာ၊ ထိုင်းလူမျိုးများက နမ်ချ၊ ဖိလစ် ပိုင်တွင် ချအာ၊ တူကီယဲတွင် ချအီ ၊ ဂရိတွင် စာဟီ၊ စပိန်နှင့် ပြင်သစ်တွင် တီး(Tea) ဟုခေါ်ကြသည်။

လက်ဖက်ကို ရေတွင်ပြုတ်ပြီးနောက် အရည်ကို အချို၊ အဆိမ့် ရောစပ်ကာ ရှေးဦးလက်ဖက်ရည် သောက်နည်းရှိခဲ့သည်။ အဖတ်ကို ထောပတ်နှင့်ဆား ထည့်ကာ စားသောက်သူများလည်းရှိခဲ့ဖူးသည်။ ကမ္ဘာတွင် ရေမှလွဲ၍ လူတို့သည် လက်ဖက်ရည်ကို အသောက်အများဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့ သည်။ ရှေးယခင်က မင်းစိုးရာဇာနှင့် သူဌေးသူကြွယ် များသာလျှင် လက်ဖက်ရည်ကို သောက်သုံးနိုင်ကြ သည်။ အကြောင်းမှာ အလွန်ဝေးကွာသောအရပ် ဒေသမှ အမျိုးမျိုးသော အခက်အခဲများကို ကျော်လွန် ၍ ယူဆောင်လာခဲ့ရသဖြင့် အလွန်ဈေးကြီးသော ကြောင့်ဖြစ်သည်။

လက်ဖက်ရည်ကို အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန် စသောနိုင်ငံများတွင် များစွာသောက်သုံးလျက်ရှိကြသည်။ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ မြန်မာနှင့်တကွ အခြားသောအရှေ့ဖျား နိုင်ငံများတွင် လက်ဖက်ရည်ကို သောက်သုံး နေကြသည်။

လက်ဖက်ရည်ဆိုသည်မှာ ရေနွေးနှင့်ဖောက် ထားသည့် ပြုပြင်ထားသော လက်ဖက်ခြောက်ရည် တွင် နွားနို့၊ သကြားရောစပ်ထားသော အဖျော်၊ လက်ဖက်ရည်ပင်ဖြစ်သည်။ လက်ဖက်ရည်၏ အရသာထူးခြားမှုမှာ လက်ဖက်ရွက်၏ အနုအရင့် ပေါ်တွင်သာ အမှီပြုသည်မဟုတ်။ ခူးဆွတ်ပြီးအရွက် များကို ပြုပြင်ပေးမှုအပေါ်တွင်လည်း အမှီပြုလေ သည်။ ကမ္ဘာတွင် လက်ဖက်ခြောက် အမျိုးမျိုးရှိရာ အချို့နိုင်ငံများတွင် အရွက်ကြမ်းများနှင့် အမှုန်များ ကို အတုံးအခဲဖြစ်အောင် ရောဖိထားသည့် လက်ဖက် ခြောက်အညံ့စားများကိုပင် အသုံးပြုကြသေးသည်။ အထင်ရှားဆုံးသော လက်ဖက်ခြောက်နှစ်မျိုးမှာ လက်ဖက်ခြောက်မည်းဟုခေါ်သော အချိုသောက်



လက်ဖက်ခြောက်မျိုးနှင့် လက်ဖက်ခြောက်စိမ်းဟု ခေါ်သော အကြမ်းသောက် လက်ဖက်ခြောက်မျိုးတို့ ဖြစ်ကြသည်။ ထိုနှစ်မျိုးမှာ လက်ဖက်ပင်တစ်မျိုး စီမှရခြင်းမဟုတ်။ လက်ဖက်တစ်ပင်တည်းမှရ၍ တစ်မျိုးစီပြုပြင်ထားခြင်းသာ ဖြစ်လေသည်။ လက်ဖက်ခြောက်အမည်းနှင့် လက်ဖက်ခြောက် အစိမ်းတို့ဖြင့်ရောစပ်သောက်သုံးသော လက်ဖက် ရည်ကို မြန်မာတို့က လက်ဖက်ရည်ကြမ်းဟုခေါ်သည်။

လက်ဖက်ရည်ကို နှစ်သက်ကြသူများတွင် တစ်ယောက်နှင့်တစ်ယောက် အကြိုက်ချင်းမတူ ညီနိုင်ပေ။ အများအားဖြင့် အိန္ဒိယနိုင်ငံမှလာသော လက်ဖက်ခြောက်အားလုံးလိုလိုမှာ အမည်းမျိုးသာ ဖြစ်၍ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကမူ အမည်း နှင့် အစိမ်းနှစ်မျိုးစလုံးလာတတ်သည်။ အင်္ဂလန် နိုင်ငံတွင် လက်ဖက်ခြောက်အမည်းကိုသာ အသုံးပြု လေ့ရှိကြသည်။ အမေရိကန်နိုင်ငံ၌ လက်ဖက် ခြောက်အမည်းသာမက အစိမ်းပါအသုံးပြုကြသည်။

လက်ဖက်ခြောက်တွင် သီအင်းဓာတ်ပါ၍ ထိုဓာတ်မှာကော်ဖီတွင်ပါသည့် ကဖိန်းဓာတ်နှင့် အတူတူပင်ဖြစ်သည်။ သောက်သုံးသူကိုတက်ကြွ အားရှိစေသည်။ တန်သင့်ရုံသောက်ပါက လူကိုဥပဒ် မဖြစ်နိုင်ပေ။ လက်ဖက်ရည်ကို ခပ်ကျကျအသောက် များပါက အကြောများကို ဥပဒ်ပေးတတ်သည်။ သီအင်းဓာတ်သည် လက်ဖက်ရည်သောက်စမရှိ သူတို့အဖို့ ညဘက်တွင် အိပ်မပျော်အောင်ဖြစ်တတ် သည်။ လက်ဖက်ရည်၌ ဝါညိုရောင်ရှိခြင်းမှာ လက်ဖက်ရွက်တွင် တန်းနင်းဟုခေါ်သော ဓာတ် ပစ္စည်းတစ်မျိုးပါသောကြောင့် ဖြစ်သည်။ ထိုဓာတ် ပစ္စည်းများသည်လည်း ကျန်းမာရေးကိုထိခိုက်တတ် သည်။ ထို့ကြောင့် လက်ဖက်ရည်ဖျော်ရာတွင် တန်နင်းဓာတ်အများအပြား ထွက်မလာစေရန် လက်ဖက်ခြောက်ကို အကြာကြီးနှပ်မထားသင့်ပေ။

လက်ဖက်ရည်ဖျော်နည်းအမျိုးမျိုးရှိသည်။ လက်ဖက်ခြောက်နှပ်ရည်ကို ရေနွေးဖြင့်ဖျော် သောက်ကြသကဲ့သို့ သကြား၊ နို့၊ နို့ဆီ သို့မဟုတ် လိမ္မော်ရည် စသည်များနှင့်လည်း ဖျော်သောက် တတ်ကြသည်။

အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်စသော နိုင်ငံများတွင် အထူးသဖြင့် နွေရာသီ၌ မွန်းလွဲပိုင်း တွင် လက်ဖက်ရည်ဖျော်ပြီးနောက် အအေးခံ၍ သောက်လေ့သောက်ထရှိကြသည်။ ဂျပန်နိုင်ငံတွင်မူ လက်ဖက်ရည်ပွဲတည်ခင်းသည့် အခမ်းအနားမှာ ရှေးအစဉ်အဆက်ကစ၍ ဆင်းသက်လာသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေသည်။ တည်ခင်းသည့် လက်ဖက်ရည်မှာ လက်ဖက်ရည်ကြမ်းပင်ဖြစ်သည်။ သို့ရာတွင် လက်ဖက်ရည်ဖျော်ပုံ၊ တည်ခင်းပုံ၊ သောက်သုံးပုံမှာ သတ်မှတ်ထားသော အစီအစဉ်များ အတိုင်း စနစ်တကျ ပြုလုပ်ကြရသည်။ ဤထုံးတမ်း အစဉ်အလာသည် ဂျပန်တို့၏ ပေါင်းသင်းဆက်ဆံ ရေးတွင် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်၍ ရှေးနှစ်ပေါင်း ၅ဝဝ က ဗုဒ္ဓဘာသာ ရဟန်းတော်များ မှတစ်ဆင့် ဆင်းသက်လာခဲ့သည်။

လက်ဖက်ရည်ဖျော်ရန်အတွက် လက်ဖက် ခြောက်ကိုနှပ်ခြင်းသည်လည်း အရေးကြီးသည်။ လက်ဖက်ရည် ကောင်းမကောင်းမှာ လက်ဖက် ခြောက်နှပ်ခြင်းပေါ်တွင်မူတည်သည်။ လက်ဖက် ရည်ဆိုင်များတွင် နှပ်ပြီးသောလက်ဖက်ခြောက် ရည်နှင့် သကြား၊ နို့ဆီ၊ နို့စိမ်း စသည်တို့ကို လက်ဆ ကောင်းကောင်းဖြင့် ဖျော်ကြသည်။ ဆိုင်တွင် ထိုင်သောက်ကြသူများသည် မိမိစိတ်ကြိုက်သောက် သုံးလိုသည့် ပုံစံဖြင့်မှာယူကြသည်။ ချိုကျ၊ ချိုဆိမ့်၊ ပုံမှန်ဟူသော သောက်သုံးလိုကြသည့် အရသာ အလိုက်သတ်မှတ်ကြသည်။ ဒေသအလိုက် ခေါ်ဝေါ် ကြသည့် လက်ဖက်ရည်အခေါ်များစွာပင်ရှိကြသည်။ မှာယူသောက်သုံးသည့်အပေါ်မူတည်၍ လက်ဖက် ခြောက်နှပ်ထားသည့်အရည်၊ နို့ဆီ၊ သကြားတို့ကို ဖျော်သူက စပ်ရောပေးလိုက်ခြင်းဖြင့် သောက်သုံး လိုသောအရသာကိုရစေသည်။ လက်ဖက်ရည် သောက်သုံးခြင်း တစ်နည်းအားဖြင့် လက်ဖက် ရည်ဆိုင်ယဉ်ကျေးမှုသည် မြန်မာနိုင်ငံနေရာအနှံ့ အပြားတွင် နေရာယူလာကြသည်။

လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှုသည် တရုတ် ပြည်မှ စတင်ခြင်းသာဖြစ်သည်။ တရုတ်ပြည် စန်နောင်းပြည်နယ်တွင် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၇၃၇ ခန့်ကတည်းက လက်ဖက်ရည်ဓလေ့ပေါ်ထွန်း ခဲ့ပြီဖြစ်သည်။ ပေါ်ထွန်းခဲ့ကြောင်းကို တန်မင်းဆက် ထွန်းကားချိန်ဝယ် လုယွီ ရေးသားသော The Classic of Tea စာအုပ်တွင် လက်ဖက်စိုက်ပျိုးနည်းသာမက လက်ဖက်ရည်သောက်သုံးနည်းအဖုံဖုံကိုပါ စုံလင်စွာ တင်ပြထားသည်ကို တွေ့ရသည်။

လက်ဖက်ရည်နှင့်စပ်လျဉ်း၍ တရုတ်စာရေး ဆရာကြီး လောရှဲ( Lao She) သည် Tea House (လက်ဖက်ရည်ဆိုင်) အမည်ရသည့် ပြဇာတ်ရှည် တစ်ပုဒ်ကိုရေးခဲ့သည်။ (ထိုပြဇာတ်ကို ဆရာ မြသန်းတင့်က လက်ဖက်ရည်ဆိုင် အမည်ဖြင့် မြန်မာဘာသာပြန်ဆိုခဲ့သည်။) ပြဇာတ်မှာ မန်ချူး မင်းဆက်ခေတ် ပီကင်းမြို့လမ်းမကြီးရှိ လက်ဖက် ရည်ဆိုင်ကြီးတစ်ဆိုင်အကြောင်းဖြစ်သည်။ မန်ချူး မင်းဆက်မရှိလည်း တစ်နယ်တစ်မင်း စိုးမိုးနေသည့် စစ်ဘုရင်ကြီးများခေတ်၏ လက်ဖက်ရည်ဆိုင်ရှုခင်း၊ ကူမင်တန်အုပ်စိုးသည့်ခေတ်တွင် တွေ့ရသည့် လက်ဖက်ရည်ဆိုင်ရှုခင်းဟူ၍ နှစ်ပေါင်း ၅ဝ ခန့် ကာလအတွင်း လက်ဖက်ရည်ဆိုင်ရှုခင်းအဖုံဖုံကို ပြဇာတ်သဖွယ် ကွက်ကွက်ကွင်းကွင်းရေးဖွဲ့ပြထား သည်။ မြန်မာတို့၏ လက်ဖက်ရည်ဆိုင်ဓလေ့နှင့်နီး စပ်သည်။ လက်ဖက်ရည်ဆိုင်အတွင်းမှ မြင်ကွင်း များသည် မြန်မာလက်ဖက်ရည်ဓလေ့ကို အောက်မေ့ ဖွယ်ပင်ဖြစ်တော့သည်။

ရှေးမြန်မာမင်းများသည် လက်ဖက်ရည်သောက် သုံးခဲ့ကြသည်။ လက်ဖက်ရည်တော်ကိုင် ရာထူး တစ်ခုရှိခဲ့ဖူးသည်က သက်သေပင်ဖြစ်သည်။ ရွှေနန်းသုံးဝေါဟာရအဘိဓာန်ပထမတွဲတွင် "အမရ ပူရ ပဥ္စမမြို့တည်နန်းတည် မင်းတရားကြီးဘုရား၏ မြေးတော်၊ ရတနာပူရ စတုတ္ထမြို့တည်နန်းတည် မင်းတရားကြီးဘုရားလက်ထက်တော်ကစ၍ ကွမ်း ရေတော်ကဲ့သို့ ရွေးချယ်စစ်ဆေးပြီး ရုံဖန်သုံးတော်မူ သည့် လက်ဖက်ရည်တော်များကို ဆက်သမြဲစွဲရ သည်။ နောက်မင်းများလက်ထက်၌လည်း လက်ဖက် ရည်တော်ခန့်ထားမြဲ ဆက်လက်ခန့်ထားသည်ဖြစ်၍ မန္တလေးရတနာပုံ ဒုတိယနန်းစံမင်းတရား လက်ထက်တော်တွင် လက်ဖက်ရည်တော် ၄၄ ဦး ရှိသည်"ဟု ဖော်ပြချက်အရ မြန်မာမင်းများ လက်ဖက်ရည်သောက်သုံးကြသည်ကို သိရသည်။

လောကသဘာဝအရ ကောင်းဆိုးနှစ်လီရှိကြ သည်ဖြစ်၍ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဖြင့် အချိန် ဖြုန်းကြသည်။ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဖြင့် စီးပွားရေး၊ ကြီးပွားရေးအကြံဉာဏ်ရသည် ဟူ၍ လိုရာဆွဲပြောနေကြချိန်ဝယ် မြန်မာအများစုသည် လက်ဖက်ရည်ကို စွဲစွဲမြဲမြဲ သောက်သုံးနေကြမြဲဖြစ် သည်။ အလုပ်မအားပါက အသင့်ဖျော်လက်ဖက်ရည် ကို သောက်သုံးကြသည်။ လက်ဖက်ရည် သောက်သုံး ခြင်းဓလေ့သည် လူမှုနယ်ပယ်တွင် ဆက်လက် တည်ရှိနေမည်သာဖြစ်ပါတော့သည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၂)
- တော်ဝင်လက်ဖက်နတ်သစ်ရွက်(မောင်ခွန် နွယ်-အင်းလေး)

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၈၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၈၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၀၇၈ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၂၂၅၅ ကေ၊ ကလေးဝမြို့နယ်တွင် ၁၄၉ ကေ၊ မင်းကင်းမြို့နယ်တွင် ၄၄၉ ကေ စုစုပေါင်း ၂၈၅၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေထောက်ပဲကေ ၄၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေး အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မြေထောက်ပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၃၈၄ ကေ၊ ကလေးဝမြို့နယ်တွင် ၁၆၅ ကေ၊ မင်းကင်းမြို့နယ်တွင် ၅၂၉ ကေ စုစုပေါင်း ၄၀၇၈ ကေ တို့ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေထောက်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။ (၂၀၆)

# နမ့်စန်မြို့နယ် နားတုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

နမ့်စန် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် နားတုံကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများက ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦး၊ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက နားတုံကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

နမ့်စန်မြို့နယ် နားတုံကျေးရွာ၌ အရှည် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားတစ်ပေ၊ သဲဖြူန်းကိုးလက်မရှိ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်တွင် Slub Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၃၆၃ သန်းဖြင့် နမ့်စန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၅ခုနှစ်ဇူလိုင်လ စတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သံသာ

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နှံ့ကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နှံကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း နှံကားစပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း နှံကားစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းမှာ နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလထဲမှာလဲ နှံကားစပါးတွေ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခုလို ဆန်စပါးတွေ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန်တင်ပို့တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်" ဟု ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။



ဖျာပုံမြို့နယ်တွင် နှံကားစပါးများအပါအဝင် အခြားလယ်ယာထွက်ကုန်ပစ္စည်းများကိုပွဲရုံပိုင်ရှင်များက စနစ်တကျသိုလှောင်၍ ရန်ကုန်ဈေးကွက်က လုပ်ငန်းရှင်များဖြင့် ချိတ်ဆက်ပြီးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသမှ အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

# လဲချားမြို့နယ် နောင်မိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

လဲချား ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်မိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နောင်မိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် လဲချားမြို့နယ် နောင်မိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၆၂ ဒသမ ခြောက်သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

မင်းမြင့်မိုရ်

# မြစ်သားမြို့နယ် ရောက်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြစ်သား ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာအုပ်စု ရောက်စောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက စီမံကိန်း အကြောင်းအရာများ၊ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရောက်စောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦး အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)




**၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး**

# အရေးကြီးလျှင် သွေးနီးကြသည့် ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး သည် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကာ စည်းလုံး ညီညွတ်စွာဖြင့် အေးအတူပူအမျှ အတူတကွ နေထိုင် ခဲ့ကြသည်မှာ ရှေးနှစ်ပေါင်းများစွာကပင်ဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ဥမကွဲသိုက်မပျက် စည်းလုံး ညွတ်စွာ အတူနေထိုင်လာခဲ့ကြပြီး အရေးကြီးက သွေးနီးကြမြဲဖြစ်၏။ ဖေဖော်ဝါရီ ၁၂ ရက်သည် မြန်မာနိုင်ငံအတွင်းနေထိုင်သော ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ ရင်ထဲအသည်းထဲ တွင် အရေးကြီးသော နေ့တစ်နေ့၊ မေ့ပျောက်၍မရ သော အဓိပ္ပာယ်ပြည့်စုံသော နေ့တစ်နေ့၊ စည်းလုံး ခြင်း၏ သင်္ကေတအမှတ်အသား နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်း သားပြည်သူများက ပြည်မတောင်တန်းဒေသ မခွဲခြားဘဲ ပြည်ထောင်စုသားများအဖြစ် ဗြိတိသျှ လက်အောက်က အတူတကွ ရုန်းထွက်ကာ လွတ်လပ်ရေးအရယူမည်ဟူသည့် စိတ်ဓာတ် အပြည့်ဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ရာ သမိုင်း မှတ်တိုင်နေ့ရက်တစ်ခုဖြစ်သည်။

အရေးကြီးလျှင် သွေးနီးကြသည်ဆိုသည့် အတိုင်း စည်းလုံးညီညွတ်မှုကို အခိုင်အမာပြသနိုင် ခဲ့ပြီး ပင်လုံစာချုပ်ကိုချုပ်ဆိုကာ ပြည်ထောင်စု အုတ်မြစ်ကို တည်ဆောက်နိုင်ခဲ့သည့် သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သော ပြည်ထောင်စုနေ့ကို မြန်မာပြည်သူပြည်သားတိုင်းက မေ့ပျောက်၍ မရ နိုင်သကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်သည်လည်း နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။ ပင်လုံမြေမှ စတင်ခဲ့သည့်ပြည်ထောင်စုနေ့သည် ယခုဆိုလျှင် ၇၉ နှစ်တိုင်ခဲ့ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသား များအတွက် တန်ဖိုးမဖြတ်နိုင်သော နေ့ထူး နေ့မြတ်ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် သမိုင်းဝင်ပင်လုံစာချုပ်ကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ တိုင်းရင်းသားခေါင်းဆောင်ကြီးများက ညီညီညွတ်ညွတ်ဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့သည်မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးရတော့မည့်အချိန်တွင် တောင်တန်းဒေသကို လွတ်လပ်ရေးမပေးဘဲ သွေးခွဲအုပ်ချုပ်ရန် ကြံစည် ခဲ့ကြသည်။ မြန်မာနိုင်ငံပြည်မကို ပတ်လည်ဝိုင်း နေသည့် တောင်တန်းဒေသကို နယ်ချဲ့တို့က ဆက်လက်ချုပ်ကိုင်ထားပြီး ပြည်မဒေသကိုသာ လွတ်လပ်ရေးပေးမည့်အကြံဖြစ်သည်။ ဒီမိုကရေစီ မူအရ ပြည်မသား၊ တောင်တန်းသားအားလုံး၏ အခွင့်အရေးသည် တန်းတူညီမျှရေးဟူသည့် သဘော ထားပေါ်တွင်မူတည်ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင် ကြီးမားမှု အပေါ်တွင်မူတည်၍ ပြည်သူလူထုတို့၏ နိုင်ငံရေး နိုးကြားတက်ကြွမှုတို့ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ နယ်ချဲ့တို့က နည်းမျိုးစုံ အသုံးပြုကာ တောင်ပေါ်မြေပြန့်တိုင်းရင်းသားများ ကို မည်မျှပင် သွေးခွဲခဲ့သော်လည်း တိုင်းရင်းသား အားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နယ်ချဲ့တို့၏ အကြံအစည်ကို ရိုက်ချိုးနိုင်ခဲ့သည်။ ထိုကဲ့သို့ ပြည်မတောင်တန်းသွေးစည်းညီညွတ်စွာ ဖြင့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့်နေ့ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးနေ့မြတ် အဖြစ်သတ်မှတ်ခဲ့ကြပြီး ပြည်ထောင်စုကြီးမပြို ကွဲအောင် တိုင်းရင်းသားအားလုံးက ဥမကွဲသိုက် မပျက် စည်းလုံးညီညွတ်စွာဖြင့် ထိန်းသိမ်းစောင့် ရှောက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်ပင်ဖြစ်သည်။

ပင်လုံစာချုပ်၏ အသီးအပွင့်အဖြစ် တောင် တန်းနှင့် ပြည်မဒေသများပေါင်းစည်းပြီး လွတ်လပ် ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြန်လည် ရယူနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးစုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်း များကြား ရေရှည်တည်တံ့အောင် ဆက်လက် ထိန်းသိမ်းပြီး ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ကြိုး ပမ်းသွားရမည်ဖြစ်သည်။

**❖ "ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်နှင့်တိုင်းများကို ပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည့်နိုင်ငံ"ဖြစ်ကြောင်း မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ညီညွတ်ခြင်း၏ အင်အားကိုပြသပြီး တစ်သားတည်းရှိသောစိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ မိသားစုတစ်စုအတွင်းပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်း အသိုက်အဝန်းတစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခု၊ ဒေသ တစ်ခုပဲဖြစ်ဖြစ် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိမှသာ ဘေး အန္တရာယ်များ မဝင်ရောက်နိုင်ဘဲ အဆင်ပြေပြေ၊ ချောချော မွေ့မွေ့အောင်မြင်ပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဖြင့် တိုးတက် ဖွံ့ဖြိုးမှုလည်းရရှိမည် ဖြစ်သည်။ ❖**

"ပြည်ထောင်စုဆိုသည်မှာ ပြည်နယ်နှင့်တိုင်း များကိုပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့် ခွဲသည့်နိုင်ငံ"ဖြစ်ကြောင်း မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ညီညွတ်ခြင်း၏ အင်အားကိုပြသပြီး တစ်သားတည်း ရှိသောစိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှု များဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်း ဖြစ်သည်။ မိသားစုတစ်စုအတွင်းပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်း အသိုက်အဝန်းတစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခုပဲဖြစ်ဖြစ် စည်းစည်းလုံး လုံးညီညီညွတ်ညွတ်ရှိမှသာ ဘေးအန္တရာယ် များမဝင်ရောက်နိုင်ဘဲ အဆင်ပြေပြေ၊ ချောချော မွေ့မွေ့အောင်မြင်ပြီး ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ဖြင့် တိုးတက်ဖွံ့ဖြိုးမှုလည်းရရှိမည် ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံသည် တိုင်းရင်းသား ပေါင်းစုံစုစည်းနေထိုင်သော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံအတွက်ကောင်းကျိုးရလဒ်များ ဖော်ဆောင် နိုင်ရန် ပြည်သူတစ်ရပ်လုံး၏ ရင်ထဲနှလုံးသားထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေရန် လိုအပ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စု စိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ ပါတီစုံ ဒီမိုကရေစီစနစ်ကိုအခြေခံသည့် နိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်သည်လည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံ သည် တိုင်းရင်းသားလူမျိုးအသီးသီးတို့ဖြင့် စုပေါင်း ဖွဲ့စည်းထားပြီး အသွေးအရောင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများ ကွဲပြားကြသော်လည်း တစ်မြေ တည်းနေတစ်ရေတည်းသောက်ကြသည့် ပြည်ထောင် စုဖွားညီအစ်ကိုမောင်နှမများ ဖြစ်ကြသည်။ မြန်မာ နိုင်ငံတွင် လွန်ခဲ့သော ၂၀၂၄ ခုနှစ် စက်တင်ဘာလ၌ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် သဘာဝ ဘေးအန္တရာယ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒုက္ခ အခက်အခဲရောက်နေသော ပြည်သူများကို အင်တိုက် အားတိုက်ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များနှင့် အဖွဲ့အစည်း များကလည်း ပါဝင်လှူဒါန်းခဲ့ကြခြင်းသည် အရေးကြီးလျှင် သွေးနီး ကြသည့် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။

ယနေ့ကာလသည် ကုန်လွန်ခဲ့သော သမိုင်း အတွေ့အကြုံများ၊ သမိုင်းသင်ခန်းစာများကို အတွေး အခေါ်အယူအဆမှန်ကန်စွာဖြင့် ပြန်လည်ဆင်ခြင် သုံးသပ်ရင်း နိုင်ငံတော်အစိုးရနှင့် ပြည်သူပူးပေါင်း ကာ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်ကြရမည့် အချိန် ကာလဖြစ်သည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန် ကာလ၌ အားနည်းချက်ကိုသိမြင်ပြီး အနာဂတ်တွင် အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ နိုင်ငံရေးအယူ အဆကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေ ရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိခြင်းကို သတိပြုကြရ မည်ဖြစ်သည်။ ပစ္စုပ္ပန်ကာလ ကမ္ဘာ့အခြေအနေ အရဖြစ်စေ၊ မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်နေသည့် ပကတိ အရှိတရားအရဖြစ်စေ **ဒို့တာဝန်အရေးသုံးပါး**ဟု ဆိုသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့သည် မရှိမဖြစ်လိုအပ် သည့် အမျိုးသားအကျိုးစီးပွားပင်ဖြစ်သည်။ နိုင်ငံ နှင့် လူမျိုးတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု စိတ်ဓာတ်နှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ကိုပါ တူယှဉ်တွဲရင်း **ဒို့တာဝန်အရေးသုံးပါး**ကို ပြည်သူများ က အစဉ်လေးစားလိုက်နာသွားရမည်ဖြစ်သည်။

ပြည်တွင်းပြည်ပအဖျက်အမှောင့်များက မိမိတို့ နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဖန်တီးရာတွင် မျိုးဆက်သစ်လူငယ်များအတွင်း လူမျိုးရေးအမုန်းတရားများ၊ ဘာသာရေးအမုန်း တရားများ ဖြစ်ပေါ်လာစေရန် အဆက်မပြတ်သွေး ထိုးလှုံ့ဆော်ဖန်တီးမှုများကို ဖန်တီးလျက်ရှိသည်။ ပြည်ထောင်စုကြီးကို ဆက်လက်ထိန်းသိမ်းစောင့် ရှောက်သွားကြရမည့် မျိုးဆက်သစ်လူငယ်များ အတွင်းနိုင်ငံနှင့် လူမျိုးကိုချစ်ခင်သည့် စိတ်ဓာတ်များ စွဲမြဲခိုင်မာနေဖို့လိုသည်။ ပြည်ထောင်စုစိတ်ဓာတ် နှင့် အမျိုးသားရေးစိတ်ဓာတ်ပြိုကွဲပျက်စီးစေရန် ကြံစည်နေသောသူများရှိနေသည်ကို သတိပြု ဆင်ခြင်ရမည်ဖြစ်ပြီး အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မကို ခွဲခြားကာ မိမိနိုင်ငံ၊ မိမိလူမျိုးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက် သွားရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စု၏ အနက်အဓိပ္ပာယ်၊ ပြည်ထောင်စု၏ အနှစ်သာရတို့ကို နောင်မျိုးဆက်သစ်လူငယ်များ၏ ရင်ထဲနှလုံးသားထဲတွင် ကိန်းအောင်းတည်ရှိနေ စေရန် ဆက်လက်လက်ဆင့်ကမ်းရမည်ဖြစ်ပြီး အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသော မျိုးဆက်သစ်လူငယ်များကို ပြုစု ပျိုးထောင်သွားရမည်ဖြစ်သည်။ စည်းလုံးခြင်းသည် ခွန်အားကို ဖြစ်စေသည်နှင့်အညီ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများဖြင့် စုစည်းတည်ထောင် ထားသည့် အမိမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသော သွေးချင်းသားချင်းတိုင်းရင်း သားညီအစ်ကိုမောင်နှမများ အချင်းချင်းကူညီ ရိုင်းပင်းကာ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် အတူတကွ နေထိုင်ကြရင်း မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်တို့နှင့်အတူ ပြည်ထောင်စု ကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်ထောင်စု ကြီး၏ အကျိုးစီးပွားကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အတွက် အမျိုးသားရေးဦးတည်ချက်များအဖြစ်-

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေ ရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေးလုပ်ငန်းများအောင်မြင်စွာ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများ အားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောက ပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည် ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် အောင် ဝိုင်းဝန်းဖော်ဆောင်ရေးတို့ချမှတ်ထား သည်။

ထို့ကြောင့် ပြည်ထောင်စု၏ အနာဂတ်အတွက် လူမှုအရင်းအနှီး၊ ဉာဏအရင်းအနှီးတို့ကို ရင်းနှီး မြှုပ်နှံ၍ မျိုးဆက်သစ်လူငယ်များ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို ပြုစုပျိုးထောင်သွားကြပါစို့ဟု တိုက်တွန်းရင်း ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။

**သီရိသော်**

# နီပါးရ်ဗိုင်းရပ်(Nipah Virus)အကြောင်း သိကောင်းစရာ

ပေါက်ပေါက်

ကျန်းမာရေးလောကတွင် အသံတိတ်လူသတ်သမားဟု တင်စားရလောက်အောင် ကြောက်စရာကောင်းသည့် ရောဂါများထဲတွင် နီပါးရ်ဗိုင်းရပ် (Nipah Virus – NiV) သည် ထိပ်ဆုံးက ပါဝင်နေသည်။ တိရစ္ဆာန်မှ လူကိုကူးစက်တတ်သည့် ပြင်းထန်သော ဗိုင်းရပ်တစ်မျိုးဖြစ်သည်။ သေဆုံးမှုနှုန်းမြင့်မားလွန်းသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကပင် အထူးသတိပေးထားသည့် ကပ်ရောဂါအသွင်ပြောင်းလဲသွားနိုင်သော စိုးရိမ်ရသည့် ရောဂါစာရင်းထဲတွင် ပါဝင်နေသည်။

နီပါးရ်ဗိုင်းရပ်(NiV)ဆိုသည်မှာ Zoonotic Virus (တိရစ္ဆာန်မှ လူသို့ကူးစက်သော ဗိုင်းရပ်) အမျိုးအစားဖြစ်သည်။ ၎င်းသည် Henipavirus မျိုးရင်းဝင်ဖြစ်ပြီး ၁၉၉၉ ခုနှစ်က မလေးရှားနိုင်ငံ နီပါးရ်မြစ်အနီးရှိ ဝက်မွေးမြူရေးခြံများတွင် စတင်တွေ့ရှိခဲ့၍ နီပါးရ်ဗိုင်းရပ်ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

အဓိကအားဖြင့် လင်းနို့၊ ဝက်၊ ကြောင်၊ ဆိတ်၊ မြင်း၊ သိုးများမှ တစ်ဆင့်ကူးစက်ခြင်းဖြစ်ပြီး ကနဦးရောဂါလက္ခဏာများသည် တုပ်ကွေးရောဂါနှင့် ဆင်တူကာ ဦးနှောက်အမြှေးရောင်ရောဂါလက္ခဏာများဖြစ်လာသည်ထိ ဆိုးရွားလာနိုင်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ် (Kerala)သည် နီပါးရ်ဗိုင်းရပ်ကူးစက်မှု အများဆုံးဖြစ်ပွားရာဒေသအဖြစ်ရှိနေပြီး ကျန်းမာရေးဌာနများက အထူးစောင့်ကြည့်နေသည်။ ဇန်နဝါရီ ၂၅ ရက်ထိ သတင်းထုတ်ပြန်ချက်အရ အတည်ပြုလူနာငါးဦးရှိပြီး လူအယောက် ၁၀၀ ခန့် အနည်းဆုံး ကူးစက်ခံထားရကြောင်း၊ ၎င်းတို့နှင့်နီးစပ်သည့်မိသားစုဝင်များကိုမူ သီးခြားစောင့်ကြည့်ထားကြောင်း သိရသည်။

အလားတူ ထိုင်းနိုင်ငံတွင်လည်း နီပါးရ်ဗိုင်းရပ် ပျံ့နှံ့မလာစေရန် ရောဂါထိန်းချုပ်ရေးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနက အနီးကပ်စောင့်ကြည့်နေကြောင်း သိရသည်။

**ကူးစက်ပြန့်ပွားပုံ**

နီပါးရ်ဗိုင်းရပ်ကို အဓိကအားဖြင့် Pteropus လင်းနို့မျိုးမှ စတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့မှာ သစ်သီးစား လင်းနို့ကြီးများ (Pteropus Fruit Bats) ဖြစ်သည်။ လင်းနို့ကိုယ်တိုင်တွင် ရောဂါလက္ခဏာမပြသော်လည်း ၎င်းတို့၏ တံတွေး၊ ဆီးနှင့် မစင်တို့တွင် ဗိုင်းရပ် ပါဝင်နေသည်။

**တိရစ္ဆာန်မှ လူသို့**

လူကို ဗိုင်းရပ်ရှိသော လင်းနို့များကိုက်ထားသည့် သစ်သီးများ၊ လင်းနို့အညစ်အကြေး ပေကျံနေသော ဥပမာ ထန်းရည်၊ ဓနိရည်များကို စားသုံးမိခြင်းမှ ကူးစက်သည်။ ထို့ပြင် ရောဂါကူးစက်ခံထားရသော ဝက်များနှင့် ထိတွေ့ကိုင်တွယ်ခြင်းမှလည်း ကူးစက်နိုင်သည်။

**လူမှ လူသို့**

ရောဂါပိုးရှိသူ၏ ခန္ဓာကိုယ်ထွက်အရည် ဥပမာ ချောင်းဆိုး၊ နှာချေ၊ တံတွေး၊ သလိပ်၊ ဆီး၊ ဝမ်း စသည့် နည်းပေါင်းစုံတို့မှတစ်ဆင့် နီးကပ်စွာထိတွေ့သူများနှင့် မိသားစုဝင် သို့မဟုတ် ကျန်းမာရေးဝန်ထမ်းများထံမှလည်း ကူးစက်နိုင်ပါသည်။

**ရောဂါလက္ခဏာများ**

တုပ်ကွေးလက္ခဏာများကဲ့သို့ ဖျားခြင်း ကိုယ်လက်ကိုက်ခဲခြင်းတို့ ဖြစ်ပေါ်ခံစားရတတ်သည်။ ဗိုင်းရပ်ပိုးကူးစက်ခံရပြီးနောက် ပျမ်းမျှ ငါးရက်မှ ၁၄ ရက်အတွင်း အောက်ပါလက္ခဏာများ စတင်ပြလေ့ရှိသည် (တစ်ခါတစ်ရံ ၄၅ ရက်ထိ ကြာနိုင်သည်)။

**အဆင့်လက္ခဏာများမှာ-**

ကနဦးအဆင့်တွင် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ ကြွက်သားနာကျင်ခြင်း၊ အော့အန်ခြင်း၊




ပြင်းထန်အဆင့်တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ဥပမာ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊

အန္တရာယ်ရှိအဆင့်တွင် ဦးနှောက်ရောင်ခြင်း (Encephalitis) ဖြစ်ကာ စိတ်ရှုပ်ထွေးခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်းနှင့် ၂၄ နာရီမှ ၄၈ နာရီအတွင်း မေ့မြော(Coma)ခြင်းတို့ဖြစ်သည်။

အထူးသတိပြုရမည့်အချက်မှာ နီပါးရ်ဗိုင်းရပ်ကြောင့် သေဆုံးနိုင်ခြေမှာ ၄၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းထိရှိသောကြောင့် အလွန်ကြောက်စရာကောင်းသော ရောဂါဖြစ်သည်။

**ကုသခြင်းနှင့် ကာကွယ်ခြင်း**

လက်ရှိအချိန်ထိ နီပါးရ်ဗိုင်းရပ်အတွက် သီးသန့်ကာကွယ်ဆေးနှင့် ဆေးဝါးမရှိသေးပါ။ ရောဂါလက္ခဏာများကိုသက်သာစေရန် ပံ့ပိုးကုသပေးခြင်းသာပြုလုပ်နိုင်သည်။ သီးသန့်ကာကွယ်ဆေးမရှိသေးသဖြင့် ကြိုတင်ကာကွယ်ရေးကသာ အထိရောက်ဆုံးဖြစ်သည်။

မိမိတို့နေ့စဉ်စားသောက်နေသည့် သစ်သီးဝလံများကတစ်ဆင့် မထင်မှတ်ဘဲကူးစက်နိုင်သဖြင့် ထိုရောဂါအကြောင်းကို ကြိုတင်သိရှိထားပြီး ဘေးအန္တရာယ်ကနေ ကင်းဝေးနိုင်စေရန် အောက်ပါနည်းလမ်းများကို ကျင့်သုံးပါ။

- အသီးများကို မစားမီ သေချာစွာ ဆေးကြောပြီး အခွံနွှာစားပါ။
- လင်းနို့ကိုက်ရာပါသော အသီးများကို လုံးဝမစားပါနှင့်။
- တိရစ္ဆာန်များနှင့် ထိတွေ့မှုကိုရှောင်ပါ။
- ဖျားနာနေသော ဝက် သို့မဟုတ် လင်းနို့များနှင့် ဝေးဝေးနေပါ။
- ဝက်ခြံများနှင့် လင်းနို့များ ကျက်စားရာနေရာများသို့သွားလာခြင်းကို ရှောင်ကြဉ်ပါ။
- လင်းနို့များ လာရောက်နားခိုနိုင်သော နေရာဒေသကထွက်ရှိသည့် ထန်းရည်၊ ဓနိရည်များသောက်သုံးခြင်းကို ရှောင်ကြဉ်ပါ သို့မဟုတ် သေချာစွာကျိုချက်ပြီးမှသောက်ပါ။
- လက်ကို ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။
- လူနာကို ပြုစုရပါက PPE (ကာကွယ်ရေးဝတ်စုံ) စနစ်တကျဝတ်ဆင်ပါ။

**နီပါးရ်ဗိုင်းရပ်လက်ရှိဖြစ်ပွားနေသော ဒေသများ**

နီပါးရ်ဗိုင်းရပ်(Nipah Virus) သည် ကမ္ဘာ့နေရာအနှံ့တွင် ဖြစ်ပွားခြင်းမျိုးမဟုတ်ဘဲ အဓိကအားဖြင့် အာရှတိုက်ဒေသများတွင်သာ အတွေ့ရများနေခြင်းဖြစ်သည်။ ပထမဆုံးစတင်တွေ့ရှိခဲ့သည့် ဒေသများမှာ အောက်ပါအတိုင်းဖြစ်သည်။

**မလေးရှားနိုင်ငံ**

၁၉၉၈-၁၉၉၉ ခုနှစ်တွင် ဝက်မွေးမြူရေးခြံများမှ စတင်ဖြစ်ပွားခဲ့သည်။ သို့သော် ၁၉၉၉ ခုနှစ်နောက်ပိုင်း မလေးရှားတွင် ထပ်မံဖြစ်ပွားခြင်းမျိုး မတွေ့ရတော့ပေ။

**စင်ကာပူနိုင်ငံ**

မလေးရှားမှ ရောဂါပိုးရှိ ဝက်များ တင်သွင်းရာမှစ၍ စင်ကာပူနိုင်ငံတွင် ၁၉၉၉ ခုနှစ်၌ ဖြစ်ပွားခဲ့ဖူးသည်။ အဓိကဖြစ်ပွားလေ့ရှိသော နိုင်ငံများမှာ အောက်ပါအတိုင်းဖြစ်သည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် တစ်ကျော့ပြန်ကူးစက်မှုတချို့တွေ့ရှိရတတ်ပြီး အစိုးရက ထိန်းချုပ်ရေးဇုန်များသတ်မှတ်ကာ ကန့်သတ်ချက်များ ထုတ်ပြန်လေ့ရှိသည်။ အထူးသဖြင့် ကီရာလာပြည်နယ်၌ မကြာခဏဆိုသကဲ့သို့ ကူးစက်မှုများ ရှိနေတတ်သည်။ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၁ ခုနှစ်နှင့် နောက်ဆုံး ၂၀၂၃၊ ၂၀၂၄ ခုနှစ်များမှာပါ ကူးစက်မှုများတွေ့ရှိခဲ့သည်။ ယခု လောလောဆယ် အိန္ဒိယနိုင်ငံ ကလကတ္တားတွင် ဖြစ်ပွားနေပြီး ထွက်ပေါ်လာသော သတင်းအချက်အလက်များအရ ဆရာဝန်နှင့် သူနာပြုဆရာမ စုစုပေါင်းငါးယောက် ကူးစက်ခံထားရကြောင်း၊ လူအယောက် ၁၀၀ ကို နေအိမ်မှ အပြင်မထွက်ရဘဲ စောင့်ကြည့်ခိုင်းထားကြောင်း သိရသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

၂၀၀၁ ခုနှစ်ကတည်းက နှစ်စဉ်ဆိုသကဲ့သို့ ရောဂါကူးစက်မှုများ ဖြစ်ပေါ်နေသောနိုင်ငံဖြစ်သည်။ အဓိကအားဖြင့် ဆောင်းရာသီတွင် ထန်းရည်ကို သောက်သုံးရာမှ ကူးစက်မှုအများဆုံးဖြစ်ပွားသည်။

စောင့်ကြည့်ရမည့် အန္တရာယ်ရှိဇုန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

အထက်ဖော်ပြပါ နိုင်ငံတို့အပြင် Pteropus လင်းနို့မျိုးစိတ်များကျက်စားသည့် နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနိုင်ငံတို့သည်လည်း အန္တရာယ်ရှိသည့် ဒေသများအဖြစ် WHO က သတ်မှတ်ထားသည်။ အထက်ဖော်ပြပါ နိုင်ငံများ၌ လင်းနို့ထဲတွင် ဗိုင်းရပ်ရှိနေကြောင်း စစ်ဆေးတွေ့ရှိထားသော်လည်း လူကို ကူးစက်သည့်ဖြစ်စဉ်ကိုမူ တရားဝင်အစီရင်ခံထားခြင်းမျိုးမရှိသေးပေ။ သို့သော် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပွားနေသောကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အစဉ်သတိထားရမည့် အခြေအနေတွင် ရှိနေသည်။

နီပါးရ်ဗိုင်းရပ်သည် ကုသရန်ဆေးဝါး မရှိသေးသဖြင့် ကြောက်စရာကောင်းသည်ဟု ထင်ရသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အစားအသောက်ဆင်ခြင်မှုရှိလျှင် ထိထိရောက်ရောက် ကာကွယ်နိုင်သည်။ မိမိတို့ပတ်ဝန်းကျင်တွင် လင်းနို့ကိုက်ရာပါသော အသီးများကို မစားသုံးမိကြစေရန်နှင့် သစ်သီးများကို သေချာဆေးကြောပြီးမှ စားသုံးကြရန် သတိပြုကြခြင်းဖြင့် ကျန်းမာရေးကို စောင့်ရှောက်ကြပါရန် တိုက်တွန်းလိုပါသည်။

အချုပ်ဆိုရသော် နီပါးရ်ဗိုင်းရပ်သည် တုပ်ကွေးအမျိုးအစားထဲတွင်ပါဝင်နေပြီး လင်းနို့ကစတင်သည်။ တစ်ယောက်ဖြစ်လျှင် တစ်အိမ်လုံး ကူးစက်နိုင်သည့်အတွက် သံသယရှိလျှင် သီးခြားနေထိုင်ရန် လိုအပ်သည်။ သောက်ဆေး၊ ထိုးဆေးမရှိပါ။ ကာကွယ်ဆေးမရှိပါ။ သက်သာစေရန် အဖျားကျဆေးနှင့် အကိုက်အခဲပျောက်ဆေး အပြင်းစားများ သောက်ရန်လိုသည်။ သို့သော် Oxford တက္ကသိုလ်နှင့် အခြားသုတေသနအဖွဲ့များက စမ်းသပ်နေသည့် ကာကွယ်ဆေးများသည် အလားအလာကောင်းသည်ဟု ပြသနေကြောင်း သိရသည်။

မည်သို့ပင်ဆိုစေကာမူ နီပါးရ်ဗိုင်းရပ်သည် ဦးနှောက်ကိုတိုက်ရိုက်ရောင်ရမ်းစေနိုင်သောကြောင့် ရောဂါပျောက်ကင်းသွားသော်လည်း နောက်ဆက်တွဲအနေဖြင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ သို့မဟုတ် တက်ကြွမှုမရှိတော့သည်မျိုး ကျန်ရစ်နိုင်သည်။ သို့ပါ၍ သတိပြုခြင်းသည် ဘေးကင်းခြင်း၏ အစပင်ဖြစ်ပါကြောင်း ထပ်ဆင့်တိုက်တွန်းရေးသားလိုက်ရပါသည်။

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ အမှတ် (၃၉/၄၁)၊ ၅၈လမ်း (မဟာနဒီလမ်း)၊ ၁၀ လမ်း နှင့် ၁၄ လမ်းကြား၊ နန်းရှေ့နေ
ဦးမျိုးဇော်ဟိန်း၊ ဒေါက်တာဖြိုးဇော်ဟိန်း+ဒေါက်တာတင်ဇာဦး၊ ဒေါက်တာမြကေခိုင်ဝင်း တို့၏ ကျေးဇူးရှင် ဖခင်
မောင်ဘုန်းပြည့်စုံ၊ မောင်အောင်ဘုန်းမြင့်၊ မသွန်းသီရိသူ၊ မောင်ကောင်းထွဋ်ဟိန်း တို့၏ ဖိုးဖိုး
(Great ဒေါ်ခင်စန်းဝင်း) ၏ ခင်ပွန်း
မဟာသဒ္ဓမ္မဇောတိကဓဇ Great ဦးမြဝင်း
(မန္တလေးမဟာမြတ်မုနိဂေါပက ဥက္ကဋ္ဌ)
**အသက် (၇၅) နှစ်** သည်
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်၊ ၃၁-၁-၂၀၂၆ (စနေနေ့) နံနက် (၇း၀၀)နာရီအချိန်တွင်
(၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသောကြောင့်
မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်ကို + ဒေါ်ရွှေ
(မိသားစု)

# အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ
မဟာသဒ္ဓမ္မဇောတိကဓဇ
**Great ဦးမြဝင်း အသက် (၇၅)နှစ်**
သည်(၃၁-၁-၂၀၂၆)ရက်နေ့၊ နံနက်(၇:၀၀)နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မဟာမုနိဘုရားကြီးဂေါပကအဖွဲ့

## ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၀၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ခင်ဦး ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၁၀၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၈ ကေ စိုက်ပျိုးရန် လျာထားပြီး ဂျုံစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဂျုံကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေ လုပ်ပါတယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဂျုံလျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဂျုံစိုက်ပျိုးမှု အနေဖြင့် ဂျုံတစ်ကေစိုက်ပျိုးလျှင် ငွေကျပ် သုံးသိန်းဝန်းကျင် ကုန်ကျစရိတ်ရှိပြီး ဂျုံတစ်ကေ စိုက်ပျိုးပါက ၂၁ တင်း ထွက်ရှိ



ကြောင်းသိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)








## အထူးဝမ်းနည်းကြေကွဲခြင်း

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ၊ မန္တလေး၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၏ နာယကကြီးဖြစ်သူ ဂရိတ် ဦးမြဝင်း (၇၅)နှစ်သည် (၃၁-၁-၂၀၂၆)နေ့ နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်းနှင့် ကောင်းမှုကုသိုလ်များဖြင့် ထုံမွမ်းသူ နာယကကြီး ဦးမြဝင်း ကောင်းရာသုဂတိလား ရောက်ပါစေဟု ဆုတောင်းမေတ္တာပို့အပ်ပါသည်။

**ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့**
**မန္တလေးဖားအောက်တောရ**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မြို့နယ်၊ AAK ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-1 အတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းမင်းအောင်၏သား မောင်ငြိမ်း သုတအား မောင်ကျော်သီဟ ဟု အမည် ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်သီဟ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ (၁၂) ကိုင်းရွာသစ်နေ ဖခင် ဦးနိုင်ဝင်းကို မိခင် ဒေါ်မြမွန်၏ သား မောင်အောင်ကိုကိုနိုင် (ခ) မောင်အောင်ကိုဟိန်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်အောင်ကိုကိုနိုင် (ခ) မောင်အောင်ကိုဟိန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

စက်ကွေ့ရပ်၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် ဦးနေလင်းထွန်းသည် အောက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုး

၁။ **O2H**

အထက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးနေလင်းထွန်း(၉/အမရ(နိုင်)၁၀၄၆၅၅)**
**09-402681230၊ 09-775811442**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မြို့နယ်၊ AAK ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Pre-Kg အတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမင်းမင်းအောင်၏သမီး မဟန်သီစုစံ အား မသီရိစံဟု အမည် ပြောင်းလဲခေါ်ဆိုပါရန်။

**မသီရိစံ**

## ပျောက်ဆုံးကြောင်း


ကျောက်မဲမြို့နယ်၊ ပန်စံ(လုံ)ကျေးရွာနေ ဦးကျော်ထွေး၏ သမီး နန်းမိုဆိုင်(၁၃/ကမန(နိုင်)၁၃၄၂၆၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(MD-927149)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-693413781**

**အိမ်ပြင်ပဉ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

**လျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ**

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲခုံ၊ ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတပြည့်ဝရန်လို...

❖ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်နိုင်ကြရန် အရေးကြီး...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ မြို့တော်ခန်းမအဆောက် အအုံသစ်တွင် ပြုလုပ်သော ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း ပါဝင်မည်



နေပြည်တော် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း(Business Matching Hall) ပါဝင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

“အဓိကတော့ နိုင်ငံတော်က MSME လုပ်ငန်းရှင်တွေကို ပြည်တွင်းပြည်ပဈေးကွက်အခွင့်အလမ်းတွေရရှိစေဖို့ရည်ရွယ်တာပါ။ ဒီပြပွဲနဲ့အတူ ပြည်တွင်းဈေးကွက် ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာအစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်။ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေက ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Modern စတိုးတွေ၊

စာမျက်နှာ ၂၃ ကော်လံ ၄ ☆

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာ ချန်ပီယံဆု ဆွတ်ခူး



မဲလ်ဘုန်း ဖေဖော်ဝါရီ ၁

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၆-၄၊ ၄-၆၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း AOL သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆာဘာလင်ကာသည် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း ရိုင်ဘာကီနာက မထင်မှတ်ထားသည့် စွမ်းဆောင်မှုများဖြင့် ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲသည် ရိုင်ဘာကီနာအနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒုတိယမြောက် ဆွတ်ခူးခဲ့သည့် ဂရန်းစလန်းဆုဖလားဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ၂၀၂၆ ခုနှစ်၏ ရာသီအစတွင်ပင် ဂရန်းစလန်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်ကာ

စာမျက်နှာ ၂၃ ကော်လံ ၄ ❑

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းဆန္ဒမဲရရှိမှုအခြေအနေ

စာမျက်နှာ - ၁၉

